ကြေးမုံ
The Mirror Daily
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 25 September 2024 ၁၁၅၉၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇)နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၇) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်

နေပြည်တော် စက်တင်ဘာ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စက်တင်ဘာ ၂၃ ရက်နှင့် ယနေ့တို့တွင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇) စစ်လက်ရုံးရွေးချယ်ပွဲနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၇) စစ်လက်ရုံးရွေးချယ်ပွဲတို့သို့ သီးခြားစီ တက်ရောက်စိစစ်ရွေးချယ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်စဉ်။

ယနေ့ ဖတ်စရာ

**ရာဂီတိုင်ဖွန်းမုန်တိုင်းဒဏ်ကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် ဒေသများတွင် သေဆုံးခဲ့သော ဒေသခံပြည်သူများ၏ မိသားစုဝင်များထံ နိုင်ငံတော်အစိုးရက ထောက်ပံ့ငွေများ ပေးအပ်**

စာမျက်နှာ » ၈



**စာရင်းကောက်များ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုခြင်းဖြင့် သန်းခေါင်စာရင်း ကောက်ယူရာတွင် ပူးပေါင်းပါဝင်ကြပါ .......**

ဆောင်းပါး

စာမျက်နှာ » ၁၆

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၅ ) ရက်သာ လိုတော့သည်။

ကြေးမုံ

# သမိုင်းမှတ်တိုင်တစ်ခု အောင်မြင်စွာစိုက်ထူ

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်ကြီး အကောင်အထည်ဖော်ရန် ရက်ပိုင်းမျှသာလိုတော့သည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုကို ကမ္ဘာ့အလယ်တွင် ပြသနိုင်တော့မည်ဖြစ်သည်။ ကိုယ့်ခွန်ကိုယ့်အား ကိုယ့်စွမ်းပကားဖြင့် မည်သူ့အကူအညီမှမပါဘဲ ပြည်တွင်းမှ စုစည်းညီညွတ်သော အင်အားများနှင့် အမျိုးသားရေးလုပ်ငန်းစဉ်ကို လက်တွေ့အကောင်အထည်ဖော်ကြမည်ဖြစ်ရာ ပြည်သူအားလုံး တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြမည်ဟု ယုံကြည်သည်။

ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် အလွန်ကျယ်ပြန့်ပြီး လုပ်ငန်းပမာဏ ကြီးမားရုံသာမက ငွေကုန်ကြေးကျမှု အလွန်များသောလုပ်ငန်းဖြစ်သည်။ ကြီးမားကျယ်ပြန့်သောလုပ်ငန်းစဉ်ကြီးကို လူအင်အား၊ ငွေအင်အား၊ နည်းပညာအင်အားများဖြင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း လွှမ်းခြုံဆောင်ရွက်ကြရသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတွင်လည်း မြန်မာနိုင်ငံကဲ့သို့ပင် ဆယ်နှစ်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည်။ လူတစ်ယောက်ချင်းစီမှ အချက်အလက်များကိုစုပေါင်းပြီး တစ်နိုင်ငံလုံး၏ ကိန်းဂဏန်းအချက်အလက်များ ရရှိလာအောင် ကြိုးပမ်းဆောင်ရွက်ကြရသည်။

သန်းခေါင်စာရင်းကောက်ယူခြင်းမှ ရရှိလာသော အချက်အလက်များသည် နိုင်ငံတော်၏ ပကတိအခြေအနေ၊ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူများ၏ အသက်အပိုင်းအခြားအလိုက်၊ မြို့ပြကျေးလက်အလိုက် အရေအတွက်ရရှိခြင်းသာမက ပညာအရည်အချင်းအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက်၊ နေထိုင်မှုပုံစံအလိုက် အရေအတွက်ကို ခွဲခြားသိနိုင်သည်။ ထိုအခြေအနေများမှတစ်ဆင့် ဒေသအလိုက် လိုအပ်နေသော အစီအမံများချမှတ်နိုင်ရန် အခြေခံအရင်းအမြစ်များ ဖန်တီးပေးနိုင်မည်ဖြစ်သလို လိုအပ်သော လုပ်သားအင်အားများကိုလည်း ဖော်ထုတ်ပေးနိုင်မည်ဖြစ်သည်။ အလားတူ လူမှုဖူလုံရေး၊ သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေး၊ မသန်စွမ်းထောက်ပံ့ရေး အစီအစဉ်များကိုလည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူခြင်းမှ ရရှိသောအချက်အလက်များသည် အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှုနယ်ပယ် အဆင့်တိုင်းအတွက် ထိရောက်သည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ရေးဆွဲနိုင်ရန်နှင့် အထောက်အထားအခြေပြု ဆုံးဖြတ်ချက်များချမှတ်ရာတွင် မရှိမဖြစ်လိုအပ်သည်။ နိုင်ငံအတွင်းရှိ သယံဇာတအရင်းအမြစ်များ ခွဲဝေသတ်မှတ်ခြင်းများ၊ ဘဏ္ဍာငွေခွဲဝေချထားပေးခြင်းများ၊ နယ်မြေနယ်နိမိတ်များကို ပြန်လည်ဆန်းစစ်ခြင်းတို့သည် ကောက်ယူရရှိသော လူဦးရေအပေါ်တွင် အခြေခံသည်။ စာသင်ကျောင်းများ၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများ၊ လမ်း၊ တံတားများ စသည့်အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း များစွာအသုံးဝင်ပြီး အလွန်အရေးကြီးသည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်ဖြစ်သော လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် မဲစာရင်းများ တိကျမှန်ကန်စေရေးအတွက် ဆောင်ရွက်ရာတွင် ထိရောက်စွာအသုံးပြုနိုင်မည်ဖြစ်သည်။ သန်းခေါင်စာရင်းအချက်အလက်များသည် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း စသည့် ပြည်တွင်း၊ ပြည်ပ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအစီအစဉ်များ၊ ဆောင်ရွက်ချက်များကို လေ့လာဆန်းစစ်ရာတွင်လည်း အထောက်အကူပြုစေမည်ဖြစ်သည်။ တိကျမှန်ကန်သော အချက်အလက်များရရှိခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးရှိ အထောက်အကူပြုစေသဖြင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကြီး အောင်မြင်အောင် တစ်တပ်တစ်အား ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့်မတူ တစ်မူထူးခြားသည့် တောတောင်ရေမြေ သဘာဝအလှအပများ၊ သယံဇာတအရင်းအမြစ်များ ပေါများကြွယ်ဝသောနိုင်ငံဖြစ်သည်။ မတူကွဲပြားသော ရေမြေတောတောင် သဘာဝနယ်မြေများတွင် ကွဲပြားခြားနားသည့် တိုင်းရင်းသားလူမျိုးစုများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ဘာသာစကားများနှင့် ညီညွတ်ဆီလျော်စွာ ပေါင်းစပ်စုစည်းထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်၍ ရရှိထားသော အချက်အလက်များသည် ပြည်ထောင်စုတိုင်းရင်းသားများ၏ ပေါင်းစည်းနေထိုင်မှုကို ပေါ်လွင်စေသည်။ ထို့ကြောင့် ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်တည်မှုနှင့် ကောင်းကျိုးဖြစ်ထွန်းအောင် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရန်လိုအပ်သည်။

အရေးအကြီးဆုံးအချက်မှာ သန်းခေါင်စာရင်းကောက်ယူရာတွင် မေးမြန်းမည့်မေးခွန်းများကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ဖြေကြားပေးရန်လိုသည်။ တိုင်းရင်းသားပြည်သူတစ်ဦးချင်းအလိုက် မိမိတို့အတွက်၊ မိမိတို့မိသားစုအတွက်၊ မိမိတို့ သားစဉ်မြေးဆက်အတွက်၊ ပြည်ထောင်စုကြီးအတွက် အနည်းဆုံး (၁၀)နှစ်စာ စီမံဆောင်ရွက်နိုင်မည့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီးကို ညီညွတ်သောအင်အားဖြင့် အောင်မြင်စွာကောက်ယူပြီး သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံးလိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding–MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding–SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM)ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီးလည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာန အပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားချက်များကို အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆိုအဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com၊ moloffice 51@gmail.com၊ research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၂၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“ကိုယ်တိုင်လည်း အဖြစ်မရှိ၊ ကူညီသူသာ ဝေဖန်ပြစ်တင်လျက် ပြည်ဖျက် PDF”** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“တတ်စွမ်းသမျှ ရေဘေးကူ၊ ငါတို့လူမျိုး တူနိုင်ရိုးလား”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄ - ၉ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၈၀၀ | ၁၉၇ | ၁,၇၂၈,၃၀၀ |
| MTSH | ၃,၄၅၀ | ၃,၅၀၀ | ၁,၆၁၅ | ၅,၅၇၃,၄၅၀ |
| MCB | ၈,၈၀၀ | ၈,၈၀၀ | ၅ | ၄၄,၀၀၀ |
| FPB | ၁,၈၅၀ | ၁,၉၀၀ | ၁၅,၅၂၁ | ၂၈,၇၁၆,၈၅၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၁၅၉ | ၄၅၃,၁၅၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၇၈၂ | ၁,၃၂၉,၉၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၀ | ၀ |
| MAEX | ၃,၄၅၀ | ၃,၄၅၀ | ၁၉,၇၀၀ | ၆၇၉,၆၅၀ |
| MADPL(PLB) | ၃၆,၅၀၀ | ၃၆,၅၀၀ | ၁ | ၃၆,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၇) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက် စိစစ်ရွေးချယ်စဉ်။

☆ ရှေ့ဖုံးမှ

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ တပ်မတော်နည်းပညာ တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများအား တစ်ဦးချင်းစီ တွေ့ဆုံမေးမြန်း၍ စာပေပညာ၊ စစ်ပညာတို့တွင် ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့် သင်တန်းကာလ တစ်လျှောက်ကြိုးစားအားထုတ်မှု ရလဒ်များအပေါ်မူတည်၍ ၎င်းတို့နှင့် သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်တက္ကသိုလ် အနော်ရထာတပ်ရင်း ဗိုလ်လောင်းစားရိပ်သာနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ပညာတန်ဆောင် ဗိုလ်လောင်းစားရိပ်သာတို့၌ သင်တန်းသားဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်ကြပြီး ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးသည်။

စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြပြီး နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များကိုထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း၏ ထိခိုက်ဒဏ်ရာရရှိမှု၊ ဆေးကုသ ပေးထားမှုများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ ၎င်းတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

စာမျက်နှာ ၄ သို့ ☆

### ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းသား ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။





### အားပေးစကားပြောကြား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ နယ်မြေခံ တပ်မတော် ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူနေသူတစ်ဦးအား ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကား ပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၇) သင်တန်းသား ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီးဒေါ်ကြူကြူလှ ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံ သားဖွားမီးယပ်နှင့် ကလေးကုသဆောင်၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူတစ်ဦးအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီးဒေါ်ကြူကြူလှ ပြင်ဦးလွင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံ သားဖွားမီးယပ်နှင့်ကလေးကုသဆောင်၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူတစ်ဦးအား စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီးဒေါ်ကြူကြူလှ ပြင်ဦးလွင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံ အာဟာရဌာနခွဲ၌ အရာရှိ စစ်သည်များ၏ နေ့လယ်စာအာဟာရသုံးဆောင်နေမှုကို ကြည့်ရှုအားပေးစဉ်။

☆ စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဆေးရုံ၏လိုအပ်ချက်များအား မေးမြန်း၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်တပ်နယ်အတွင်းရှိတပ်ရင်း၊ တပ်ဖွဲ့များ၊ သင်တန်းကျောင်းများအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် ဒေသခံပြည်သူများအတွက် နေ့လယ်စာအာဟာရနှင့် ဆေးရုံအတွက် အလှူငွေများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။ ထို့နောက် သားဖွားမီးယပ်နှင့် ကလေးကုသဆောင်ရှိဆေးရုံတက်ရောက်ကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံသို့ရောက်ရှိပြီး သားဖွားမီးယပ်နှင့် ကလေးကုသဆောင်ရှိ ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီးက ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် နေ့လယ်စာအာဟာရနှင့် ဆေးရုံအတွက် လှူဒါန်းငွေများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူခဲ့ကြောင်းနှင့် အာဟာရဌာနခွဲ၌ အရာရှိ၊ စစ်သည်များ၏ နေ့လယ်စာအာဟာရ သုံးဆောင်နေမှုအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ငူမြို့၌ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**တောင်ငူ စက်တင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ စစ်တောင်းမြစ်ရေ ပြန်လည်ကျဆင်းသွားပြီဖြစ်သည့်အတွက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် မြို့သန့်ရှင်း သာယာလှပရေး လုပ်ငန်းများအား စက်တင်ဘာ ၂၃ ရက်မှစတင်၍ ရေကြီးရေလျှံမှုဖြစ်ခဲ့ပြီး ရေဘေးသင့်ခဲ့သည့် ရပ်ကွက်/ကျေးရွာ၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ သာသနိကအဆောက်အအုံများအား မြို့လုံးကျွတ်စုပေါင်းလုပ်အားပေးဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေနုတ်မြောင်းများ ပြိုကျပိတ်ဆို့ပြီး ရေထွက်ပေါက်မရှိ ဖြစ်ပေါ်နေမှုများအား ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများအား စက်ယန္တရားများ အသုံးပြု၍ ပြန်လည်တူးဖော်ခြင်း၊ ရေစီးနှင့်အတူ မျောပါပိတ်ဆို့နေသည့် အမှိုက်သရိုက်များ၊ ဒိုက်များအား ပြန်လည်ဆယ်တင်ခြင်း၊ ပျက်စီးသွားသည့် အပျက်အစီးများအား ရှင်းလင်းဖယ်ရှားခြင်း၊ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ခြင်းတို့ကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်သည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ စေတနာရှင် လူမှုရေးအဖွဲ့အစည်းများ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဦးဆောင်သည့် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား၊ တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုအခြေအနေများအား ယနေ့နံနက်ပိုင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်က လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်းနှင့် မူလအခြေအနေထက် သာလွန်ကောင်းမွန်သည့် အခြေအနေကောင်းတစ်ခု အမြန်ရရှိရေးအတွက် အချိန်တိုအတွင်းပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်အတွင်း လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍မှာကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ညွှန့်နိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၂၃ ရက်နှင့် ယနေ့တို့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်အတွင်း နယ်မြေ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ စစ်တက္ကသိုလ် နဝဒေးခန်းမ၌ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် ပြင်ဦးလွင်တပ်နယ်မှူးတို့က ပြင်ဦးလွင်တပ်နယ်အတွင်း လုံခြုံရေးနှင့် နယ်မြေ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အကြမ်းဖက် သောင်းကျန်းသူများထံမှ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြင်ဦးလွင်တပ်နယ်အနေဖြင့် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရန် လိုကြောင်း၊ တပ်နယ်အတွင်း နယ်မြေစည်းရုံးရေးလုပ်ငန်းများနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မိမိတို့ တာဝန်ထမ်းဆောင်ရသည့် နယ်မြေအလိုက် ဒေသ၏ နယ်မြေဒေသအခြေအနေများ၊ ဒေသဆိုင်ရာအချက်အလက်များကို ခြေခြေမြစ်မြစ် သိရှိထားရမည် ဖြစ်ကြောင်း၊ နယ်မြေခံတပ်များနှင့် ဒေသခံများ တစ်သားတည်း ဖြစ်နေရမည်ဖြစ်ပြီး အပြန်အလှန်ရိုင်းပင်း ကူညီခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် နယ်မြေလုံခြုံရေး၊ ဒေသခံများ၏လုံခြုံရေးကို အတူတကွ ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်သွားကြရန် လိုကြောင်း မှာကြားခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံ့တောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံ့တောဈေး) ခြောက်ထပ် အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေး စီမံကိန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ဈေးပတ်လမ်းနှင့် ယာဉ်ရပ်နားရန်နေရာများ၊ ဓာတ်လှေကားများ၊ ရိုးရိုးလှေကားများ ထည့်သွင်းဆောင်ရွက်ထားမှု၊ အများပြည်သူသုံး အဆောက်အအုံ ဖြစ်သဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိမှု၊ အထပ်အလိုက် ဆိုင်ခန်းများဖွင့်လှစ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ ကလေးကစားကွင်းနေရာများ၊ ရုပ်ရှင်ရုံများထည့်သွင်း တည်ဆောက်နိုင်ရေး လျာထား ဆောင်ရွက်လျက်ရှိမှုနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ဆိုလာပြားများတပ်ဆင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## မှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းစေရေး၊ ရေစီးရေလာနှင့် ရေဝင်ရေထွက် ကောင်းမွန်စေရေး တို့ကိုလည်း ထည့်သွင်းစဉ်းစား၍ ရေနုတ်မြောင်းများကို စနစ်တကျထည့်သွင်း တည်ဆောက်သွားရန်လိုကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းများအားလုံး ပြီးစီးပါက ဈေးဆိုင်ခန်းများ စနစ်တကျဖြစ်စေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ စားသောက်ဆိုင်ခန်းများ ထားရှိမည့်အထပ်တွင် သန့်ရှင်းမှုရှိစေရေးကို အလေးထားဆောင်ရွက်သွားရန်နှင့် ရေ/မီးစနစ်များ စနစ်တကျရှိစေရေး ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဓာတ်လှေကားစနစ်တွင် လျှပ်စစ်ဓာတ်အား မပြတ်တောက် စေရေးသည် အရေးကြီးသဖြင့် ဓာတ်အားပြတ်တောက်မှု မဖြစ်စေရေး ဆိုလာစနစ်ဖြင့် ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ယခုအဆင့်မြင့်ဈေးသစ် တည်ဆောက်စေခြင်းသည် ပြင်ဦးလွင်မြို့၏ လူနေထူထပ်လာမှုများ၊ ခရီးသွားလာမှု များပြားလာမှုများနှင့် ကိုက်ညီသည့် အဆင့်မီဈေးတစ်ခု ဖြစ်ပေါ်လာစေရန်နှင့် ဒေသထွက်နှင့် အခြေခံ သုံးကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစုတစည်းတည်း ရရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ စံပြဈေးဖြစ်ရမည်ဖြစ်ကြောင်း၊ ဒေသထွက် အသားများ၊ ဟင်းသီးဟင်းရွက်များ၊ အသီး အနှံများကိုလည်း စနစ်တကျထုပ်ပိုး၍ ထည့်သွင်းရောင်းချနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပွဲတော်ရာသီများ၌ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်ချိန်တွင် ယာဉ်များ စနစ်တကျရပ်နားနိုင်ရေး၊ စားသောက်ဆိုင်များ စနစ်တကျ ဖွင့်လှစ်နိုင်ရေး၊ ဆိုင်ခန်းများ စနစ်တကျရှိစေရေး ကြိုတင်တွက်ချက် ဆောင်ရွက်ထားရန် လိုကြောင်း မှာကြားသည်။

စာမျက်နှာ ၆ သို့ ○

- **မိမိတို့ တာဝန်ထမ်းဆောင်ရသည့် နယ်မြေအလိုက် ဒေသ၏ နယ်မြေဒေသအခြေအနေများ၊ ဒေသဆိုင်ရာအချက်အလက်များကို ခြေခြေမြစ်မြစ် သိရှိထားရမည်**
- **နယ်မြေခံတပ်များနှင့် ဒေသခံများ တစ်သားတည်းဖြစ်နေရမည်ဖြစ်ပြီး အပြန်အလှန်ရိုင်းပင်းကူညီခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် နယ်မြေလုံခြုံရေး၊ ဒေသခံများ၏လုံခြုံရေးကို အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လို**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

○ စာမျက်နှာ ၅ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် သုမင်္ဂလာဈေး (ညံ့တောဈေး) ခြောက်ထပ် အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေး စီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ကပ်လှူပူဇော်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိ သမိုင်းဝင်မဟာရွှေမြင်တင် စေတီတော်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုသည်။ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်သည်။

**လက်ခံရယူ**

ဆက်လက်၍ စေတီတော်မြတ်ကြီးအားလက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညို၍ စေတီတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် မှာကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြတ်စွာဘုရားရှင်၏ ပါဒခြေတော်ရာဆောင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော် ကြည်ညိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံ့တောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ရှင်းလင်းတင်ပြစဉ်။

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသောတိရစ္ဆာန်များအပေါ်ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

* ကျောဖုံးမှ
ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကရုဏာ အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကော်မတီဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအမှူးပြုသော သံဃာတော်များနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ကြသည်။

ထို့နောက် ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့မှုအခြေအနေများ၊ ရှာဖွေကယ်ဆယ်ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို မှတ်တမ်းတင်ထားသည့် “သဘာဝဘေးအန္တရာယ်ကို ညီညွတ်မှုဖြင့် ရင်ဆိုင်ကျော်လွှားကြမည်” Video Clip နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေဘေးဒဏ်ခံခဲ့ရသည့် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများကို လှူဖွယ်ပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုမှတ်တမ်းများကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ သီတဂူဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီးများက ဒုက္ခပ္ပတ္တာ စနိဒ္ဒုက္ခာ-ဂါထာနှင့် သဗ္ဗီတိယော ဝိဝဇ္ဇန္တု-ဂါထာတော်တို့ဖြင့် မေတ္တာပြုတော်မူကြသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးက အလှူတော်ငွေပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ သံဝေဂကထာနှင့် ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် အလှူငွေများပေးအပ်လှူဒါန်းရာ သီတဂူဆရာတော်ကြီး လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို ဆရာတော်ကြီးကိုယ်စား ကပ္ပိယကာရကမှ ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လက်ခံရယူပြီး အနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ဆက်ကပ်သည်။

ယင်းနောက် ကွန်းခိုရာကုမ္ပဏီမိသားစုက အလှူတော်ငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လက်ခံရယူပြီး အနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးနှင့် သံဃာတော်များထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားရာတွင် ရာဂီတိုင်ဖွန်းမုန်တိုင်းနှင့် ဆက်စပ်ရေဘေးဖြစ်ပွားမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုရှိ မြို့နယ် ၅၄ မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ အဆောက်အအုံများနှင့် စာသင်ကျောင်းများတွင် ရေဝင်နစ်မြုပ်ခဲ့ပါကြောင်း၊ ထို့ပြင် လူဦးရေတစ်သိန်း လေးသောင်းကျော်ရေဘေးဒုက္ခရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းအထိ စာရင်းများအရ ၄၁၉ ဦး သေဆုံးခဲ့ရပါကြောင်း၊ ဘာသာရေးနှင့်ပတ်သက်ပြီး ၂၅၃ ကျောင်းနှင့် လမ်းတံတား ၉၂၆ ခု ရေမျောပျက်စီးခဲ့သည့်အပြင် လျှပ်စစ်မီးတိုင်များ၊ ဆက်သွယ်ရေးတာဝါတိုင်များလည်း များစွာပျက်စီးခဲ့ပါကြောင်း၊ အလားတူ တိရစ္ဆာန် တစ်သိန်းကျော် သေဆုံးခဲ့ပြီး စပါးစိုက်ဧက ခုနစ်သိန်း ငါးသောင်းကျော် ပျက်စီးဆုံးရှုံးခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ရေဘေးကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ် ဘီလီယံ ၃၀ သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် စက်တင်ဘာ ၂၀ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော အလှူငွေပေးအပ်ပွဲတွင် စေတနာရှင် အလှူရှင်များက ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံကျော်ကို ပေးအပ်လှူဒါန်းခဲ့ကြသဖြင့် လက်ခံရရှိခဲ့ကြောင်း၊ ထိုသို့ လှူဒါန်းမှုသည် နိုင်ငံတော်အတွင်းတွင်ရှိကြသည့် စေတနာရှင်၊ အလှူရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ သဒ္ဓါတရားထက်သန်မှုကို တွေ့မြင်ရပါကြောင်း၊ အဆိုပါအလှူငွေများကိုလည်း သဘာဝဘေးဒဏ်များ ဖြစ်ပေါ်ခဲ့သည့် နေရာများ၌ အမြန်ဆုံးပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရေဘေးသင့်ဒေသများ၌ ပိတ်ထားခဲ့ရသည့် စာသင်ကျောင်းများ အောက်တိုဘာလအတွင်း အမြန်ဆုံးဖြစ်နိုင်သည့် နေရာမှန်သမျှ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ လိုအပ်သည်များကို စီမံဆောင်ရွက်လျက်ရှိပြီး ထိခိုက်ပျက်စီးခဲ့သည့် ပညာရေးအဆောက်အအုံများကိုလည်း အမြန်ဆုံးပြန်လည်ပြင်ဆင်တည်ဆောက်ပေးနိုင်ရေး အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိကြောင်း။

ယခင်နှစ်က ဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအချို့၌ ရေလွှမ်းမိုးမှုများ ရှိခဲ့မှုအပေါ် နိုင်ငံတော်အကြီးအကဲ လမ်းညွှန်ချက်နှင့်အညီ ရေဝင်ရေထွက်ကောင်းမွန်စေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့အတွက် ရှေးဟောင်းရေကန်များ ပြန်လည်တူးဖော်ပေးခြင်း၊ ရေထုတ်စနစ်များ ဖော်ဆောင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သောကြောင့် ယခုမိုးသည်းထန်စွာ ရွာသွန်းချိန်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ထိခိုက်ပျက်စီးမှုနည်းခဲ့ခြင်းဖြစ်ကြောင်း၊ **စာမျက်နှာ ၈ သို့ ***



သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ကရုဏာအလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ ကြွရောက်လာစဉ်။




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သီတဂူဆရာတော်ကြီး လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို ဆရာတော်ဘုရားကိုယ်စား ကပ္ပိယကာရကထံမှ လက်ခံရယူစဉ်။




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကွန်းခိုရာကုမ္ပဏီမိသားစုထံမှ အလှူတော်ငွေကျပ် သိန်း ၁၀၀၀ ကို လက်ခံရယူစဉ်။

- **ရာဂီတိုင်ဖွန်းမုန်တိုင်းနှင့် ဆက်စပ်ရေဘေးဖြစ်ပွားမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုရှိ မြို့နယ် ၅၄ မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ အဆောက်အအုံများနှင့် စာသင်ကျောင်းများတွင် ရေဝင်နစ်မြုပ်ခဲ့**
- **လူဦးရေ တစ်သိန်း လေးသောင်းကျော် ရေဘေးဒုက္ခရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းအထိ စာရင်းများအရ ၄၁၉ ဦး သေဆုံးခဲ့ရ**
- **ဘာသာရေးနှင့်ပတ်သက်ပြီး ၂၅၃ ကျောင်းနှင့် လမ်းတံတား ၉၂၆ ခု ရေမျောပျက်စီးခဲ့သည့်အပြင် လျှပ်စစ်မီးတိုင်များ၊ ဆက်သွယ်ရေးတာဝါတိုင်များလည်း များစွာပျက်စီးခဲ့**
- **တိရစ္ဆာန် တစ်သိန်းကျော် သေဆုံးခဲ့ပြီး စပါးစိုက်ဧက ခုနစ်သိန်း ငါးသောင်းကျော် ပျက်စီးဆုံးရှုံးခဲ့**

✻ စာမျက်နှာ ၇ မှ
ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်ပေါင်း ၁၀၆ ကန် အနက် ရေကန် ၉၁ ကန်တို့ကို ပြန်လည်တူးဖော်ထိန်းသိမ်းခဲ့ရာ တူးဖော်ပြီး ၂၈ ကန်၊ ဆောင်ရွက်ဆဲ ၉ ကန်၊ ဆက်လက်တူးဖော်ထိန်းသိမ်းဆောင်ရွက်ဆဲ ရေကန် ၄၇ ကန်ဖြစ်ပြီး ရေကန်များကို ရဟန်းရှင်လူပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

**အနည်းငယ်သာ ပျက်စီး**

ယခုကဲ့သို့ ရေကန်များ တူးဖော်ထိန်းသိမ်းခြင်း၊ ရေလမ်းကြောင်း သုံးကြောင်း ဖော်ထုတ်တူးဖော်ခြင်းတို့ကြောင့် ရာဂီမုန်တိုင်းနှင့် ဆက်စပ်ရေဘေးဖြစ်ပွားမှု အန္တရာယ်မှ ကင်းလွတ်ခဲ့ပြီး ပုဂံရှေးဟောင်းဘုရားနှင့် သာသနိကအဆောက်အအုံ ၁၁ ခု၌ ထိခိုက်ပျက်စီးမှု အနည်းငယ်သာ ပျက်စီးခဲ့ပါကြောင်း။

ရေကြီးရေလျှံဖြစ်ပွားခဲ့သည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများကို သီတဂူဆရာတော်ကြီးအနေဖြင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ အားလည်းကောင်း၊ ကွန်းခိုရာ ကုမ္ပဏီမိသားစုက ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်းသည့်အတွက်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ရေဘေးသင့်ပြည်သူများနှင့် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ကလည်း ဝမ်းမြောက်နုမော် သာဓုခေါ်မည်သာ ဖြစ်ပါကြောင်း၊ ဆရာတော်ကြီးများ သက်တော်ရာကျော် ရှည်တော်မူပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာပြုလုပ်ငန်းများ ဆတက်ထမ်းပိုးဆောင်ရွက်တော်မူနိုင်ပါစေကြောင်းနှင့် အလှူရှင်မိသားစုများလည်း ကျန်းမာချမ်းသာပါစေကြောင်းဖြင့် လျှောက်ထားတင်ပြသည်။



သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်များကို ကြည့်ရှုစဉ်။

ယင်းနောက် သီတဂူဆရာတော်ကြီးထံမှ ရေစက်ချတရား နာယူကြရာ ဆရာတော်ကြီးနှင့် ကွန်းခိုရာ ကုမ္ပဏီမိသားစုက လှူဒါန်းသည့် အလှူတော်ငွေများအပါအဝင် စက်တင်ဘာ ၂၁ ရက်တွင် လှူဒါန်းခဲ့ကြသည့် အလှူရှင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၌ လှူဒါန်းခဲ့ကြသည့် အလှူရှင်များ အပါအဝင် နိုင်ငံရပ်ခြားမှ အလှူရှင်များအတွက် ရည်ရွယ်လျက် ကရုဏာအလှူတော်ကုသိုလ်အဖြစ်လည်းကောင်း၊ ရာဂီတိုင်ဖွန်းမုန်တိုင်းကာလအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် မိုးရွာသွန်းမှုများပြားလျက် ရေကြီးရေလျှံတောင်ပြိုခြင်း ဒုက္ခဒဏ်ခံစားခဲ့ရပြီး အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသွားခဲ့ရသူများအပေါင်းတို့အား ကျွတ်လွတ်ပါစေခြင်းအကျိုးငှာ ဖိတ်ခေါ်လျက်လည်းကောင်း မေတ္တာပို့သခြင်း၊ သာဓုခေါ်ဆိုနိုင်စေခြင်းငှာ ရေစက်ချ အမျှပေးဝေခြင်းများစသည့် ကရုဏာအလှူတော် ကုသိုလ်ကောင်းမှုဆောင်ရွက်ပြီးနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရာဂီတိုင်ဖွန်းမုန်တိုင်းဒဏ်ကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများတွင် သေဆုံးခဲ့သော ဒေသခံပြည်သူများ၏ မိသားစုဝင်များထံ နိုင်ငံတော်အစိုးရက ထောက်ပံ့ငွေများ ပေးအပ်




ပုဗ္ဗသီရိမြို့နယ်မှ သေဆုံးသူ ၁၁ ဦးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တစ်ဦးလျှင် ငွေကျပ် ငါးသိန်းကို မိသားစုဝင်များထံ ထောက်ပံ့ပေးအပ်စဉ်။




ပုဗ္ဗသီရိမြို့နယ်မှ သေဆုံးသူ ၁၁ ဦးအတွက် နေပြည်တော်ကောင်စီမှ တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းကို မိသားစုဝင်များထံ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၄**

ရာဂီတိုင်ဖွန်း မုန်တိုင်းနှင့် ဆက်စပ် ရေဘေးဖြစ်ပွားမှုများကြောင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုရှိ မြို့နယ်ပေါင်း ၅၄ မြို့နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုကြောင့် ချောင်းရေနှင့် မြစ်ရေများအဆက်မပြတ်မြင့်တက်လာမှုနှင့်အတူ ရပ်ကွက်ကျေးရွာများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး လမ်း၊ တံတားအချို့ ရေတိုက်စားပျက်စီးခြင်း၊ လူနေအိမ်၊ ရုံး/ဌာနအဆောက်အအုံ၊ စာသင်ကျောင်း၊ အခြားအဆောက်အအုံများအား ရေဝင်နစ်မြုပ်ခြင်း၊ ထိခိုက်ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ပြီး လူနှင့်တိရစ္ဆာန်များ သေဆုံးဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့သည်။

**ထောက်ပံ့ပေးအပ်**

အဆိုပါ မုန်တိုင်းဒဏ်ကြောင့် သေဆုံးသူအပါအဝင် ထိခိုက်ဒဏ်ရာရရှိမှု၊ ပျက်စီးဆုံးရှုံးမှုများအပေါ် နိုင်ငံတော်အစိုးရမှ ထောက်ပံ့ငွေများ အမြန်ဆုံးပေးအပ်နိုင်ရေး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်တင်ဘာ ၁၇ ရက်တွင် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အစည်းအဝေးတွင် လမ်းညွှန်ခဲ့မှုအရ သေဆုံး၊ ဒဏ်ရာရရှိသူများအနက် သေဆုံးသူများကို ဦးစားပေးအဖြစ် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အလှူရှင်များက ထောက်ပံ့ငွေများ ထောက်ပံ့ ပေးအပ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မုန်တိုင်းနောက်ဆက်တွဲဒဏ်ကြောင့်သေဆုံးခဲ့သည့်သူများအနက် ပုဗ္ဗသီရိမြို့နယ်မှ သေဆုံးသူ ၁၁ ဦး၊ ပျဉ်းမနားမြို့နယ်မှ သေဆုံးသူ ခုနစ်ဦး၊ ဇေယျာသီရိမြို့နယ်မှ သေဆုံးသူလေးဦးတို့အား အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ငါးသိန်းကျပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ သုံးသိန်းကျပ်နှင့် နေပြည်တော်ကောင်စီမှ နှစ်သိန်းကျပ်၊ စုစုပေါင်း သေဆုံးသူ တစ်ဦးလျှင် ၁၀ သိန်းကျပ်နှုန်းဖြင့် ၂၂ ဦးတို့၏ မိသားစုဝင်များ လက်ဝယ်သို့ သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ထောက်ပံ့ ပေးအပ်ခဲ့သည်။

**စီစဉ်ဆောင်ရွက်လျက်ရှိ**

ဆက်လက်၍ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မုန်တိုင်းဒဏ်ကြောင့် သေဆုံးခဲ့သူများ၏ မိသားစုဝင်များထံသို့လည်း ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ထိခိုက်ဒဏ်ရာ ရရှိမှုအခြေအနေနှင့် အိုးအိမ်များ ပျက်စီးဆုံးရှုံးမှုအခြေအနေများအပေါ် မူတည်၍လည်း လိုအပ်သည့် ထောက်ပံ့ကူညီမှုများကို ဆက်လက်ဆောင်ရွက်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဝမ်းတွင်းမြို့နယ်ရဲတပ်ဖွဲ့ စုပေါင်းသွေးလှူပွဲကျင်းပ

**ဝမ်းတွင်း စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်ရဲတပ်ဖွဲ့မှ မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်တွင် နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူအကျိုးပြု စုပေါင်းသွေးလှူခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းခြင်းကို ဝမ်းတွင်းမြို့နယ် ရဲတပ်ဖွဲ့မှ အရာရှိငါးဦး၊ အခြားအဆင့် ၁၂ ဦး၊ မိသားစုဝင်တစ်ဦး စုစုပေါင်း ၁၈ ဦးက အောက်တိုဘာလ ၁ ရက်တွင် ကျရောက်မည့် နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းသွေးလှူဒါန်းခဲ့ကြသည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်တို့အား မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမင်း၊ ဝမ်းတွင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းဇော်မြင့်တို့က ကြက်ဥ၊ Royal Dနှင့် သွေးအားတိုးဆေးများ ပေးအပ်ခဲ့ပြီး မိတ္ထီလာသွေးလှူဘဏ်တာဝန်ခံ ဒေါက်တာ ပြုံးဇာခြည်အောင်က ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ပင်လောင်းမြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်



**ဟိုပုံး စက်တင်ဘာ ၂၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ပင်လောင်းမြို့နယ် မြသိန်းတန်ပရိယတ္တိစာသင်တိုက်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး သဘာဝဘေးကြောင့် ဆုံးရှုံးမှုများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် မြသိန်းတန်ပရိယတ္တိ စာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တမင်္ဂလအား ဖူးမြော်ကြည်ညို၍ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ အလှူတော်ငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က ရေးဘေးနှင့် ကြုံတွေ့ရသည့် ပြည်သူများ၏ ဆုံးရှုံးမှုများကို အမြန် ပြန်လည်ထူထောင်ပေးမည်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်နိုင်ရေး လုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ပြီး အဓိကဆောင်ရွက်ရမည့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုအတွက် ဦးစားပေးဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ် သုံးမြို့နယ်၏ ရေးဘေးသင့်မှုအခြေအနေများကို တင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်ရာ ခေတ္တမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လည်းကောင်း၊ PNO အဖွဲ့ အတွင်းရေးမှူးချုပ် ဦးခွန်သိန်းဖေက ထောက်ပံ့ငွေကျပ်သိန်း ၅၀ ကို ပေးအပ်ရာ မြို့မိမြို့ဖတစ်ဦးက လည်းကောင်း လက်ခံရယူသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့်အဖွဲ့သည် နောင်တရားအာလူးအအေးခန်းနှင့် နောင်တရားသဘာဝမြေပြိုဇာစက်ရုံ လည်ပတ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက်နောင်တရားသဘာဝမြေပြိုဇာစက်ရုံ ဧည့်ခန်းမဆောင်တွင် ဒေသခံများနှင့်တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က သဘာဝဘေးကြောင့် ပျက်စီးသွားသည့် စာသင်ကျောင်းများ၊ လမ်းများ၊ တံတားများနှင့် ကျန်းမာရေးဆေးပေးခန်းများကို စာရင်းကောက်ယူပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အမြန်ဆုံး ပြန်လည်ဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် နိုင်ငံတော်နှင့်အတူ ဒေသအလှူရှင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျှင် ပိုမိုအောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများက လိုအပ်သည်များကို တင်ပြဆွေးနွေးရာ ပြည်နယ်အဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဒေသခံများ၏တင်ပြချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ပြန်လည်ဆွေးနွေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က သဘာဝဘေးဒဏ် ပြင်းထန်စွာခံစားခဲ့ရသည့် နောင်မူဒေသပြန်လည်ထူထောင်ရေးအတွက် ငွေကျပ်သိန်း ၅၀ နှင့် နောင်တရားဒေသပြန်လည် ထူထောင်ရေးအတွက် ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ ဒေသခံအလှူရှင်များဖြစ်သည့်အောင်ပန်းမြို့ CB ဘဏ်မှ ငွေကျပ်သိန်း ၅၀၊ နောင်တရားအာလူးစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းက ငွေကျပ်သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း ၂၃၀ ကို ပေးအပ်ရာ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီနှင့် ဒေသခံများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ အပြီးသတ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၄**

ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ အပြီးသတ်ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးဝင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ထွေး၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်းညွှန်ချက်နှင့်အညီ ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း) အား အပြီးသတ်စိစစ်လေ့လာဆွေးနွေးကြပြီး ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)တွင် လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေမှုရှိစေရေးအတွက် ဖြည့်စွက်ရန် လိုအပ်သည့်အချက်များ တွေ့ရသဖြင့် ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းသင့်ကြောင်းနှင့် ပြင်ဆင်လိုသည့်ပုဒ်မများကို အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ဟုမ္မလင်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန GENDER CEDAW NSPAW ဆိုင်ရာ အသိပေးဆွေးနွေးပွဲ ကျင်းပ

**ဟုမ္မလင်း စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနရုံးက ကြီးမှူး၍ ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဟုမ္မလင်းမြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်



ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ GENDER CEDAW NSPAW ဆိုင်ရာ အသိပေးဆွေးနွေးပွဲကို စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းဟောပြော**

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် လူမှုဝန်ထမ်းရုံးမှ ဦးစီးအရာရှိ ဦးလှဆိုင်းက GENDER–အမျိုးသားနှင့် အမျိုးသမီးကြားရှိ ကျားမရေးရာဆိုင်ရာ လူမှုရေးကဏ္ဍကွဲပြားမှုကိုလည်းကောင်း၊ CEDAW – အမျိုးသမီးများအပေါ် ခွဲခြားဖိနှိပ်မှုများကို ရှုတ်ချရန်၊ ပပျောက်အောင်လုပ်ဆောင်ပေးရန်၊ NSPAW –အမျိုးသမီးများနှင့် သက်မွေးဝမ်းကျောင်းမှု၊ အမျိုးသမီးများနှင့် ပညာရေးလေ့ကျင့်သင်ကြားပေးရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး စသည့် အချက်အလက်များကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စဉ့်ကိုင်မြို့နယ် ခံလူးကျေးရွာ တလိုင်းလေးမျက်နှာဘုန်းတော်ကြီးကျောင်း၌ လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ(မန္တလေး)မှ ရဲမှူးကြီး ထွန်းမြတ်ကျော် ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင် ၄၈ ဦး၊ မိသားစုဝင် ၂၁ဦး စုစုပေါင်း ၇၈ ဦးတို့ စက်တင်ဘာ ၂၃ ရက်က သစ်ပင်၊ ချုံနွယ်များကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ရဲတင့်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၄

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအုပ်စု အလယ်ရွာကျေးရွာနှင့် ရှမ်းရွာကျေးရွာတို့၌ ရေတိုက်စားမှုများကြောင့် ကျေးရွာတွင်းလမ်းများ ပျက်စီးနေမှုများ၊ ကျေးရွာချင်းဆက်လမ်းများ ပျက်စီးခြင်း၊ လမ်းပခုံးများ ရေတိုက်စားပျက်စီးမှု အခြေအနေများနှင့် ကျေးရွာအတွင်း ပုဂ္ဂလိကပိုင်စက်ရေတွင်းများ တွင်းဆေးတွင်းမှုတ် ဆောင်ရွက်နေမှုအခြေအနေများ၊ ရွှံ့လျားရေသန့်စင်ယာဉ်ဖြင့် သောက်သုံးရေ ဖြန့်ဝေပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လတ်တလော လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရေး ကျေးရွာချင်းဆက် လမ်း၊ တံတားပျက်စီးမှုများအား အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးသွားရန်၊ ကျေးရွာနေပြည်သူများ သောက်သုံးရေများရရှိရေး လိုအပ်သည်များ အမြန်ဆုံးဆောင်ရွက်ပေးသွားရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ အလယ်ရွာကျေးရွာနှင့် ရှမ်းရွာကျေးရွာတို့ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးရာ ပြည်ထောင်စုဝန်ကြီးက ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးနှင့် စိုက်ပျိုးသီးနှံများအတွက် ပြန်လည်စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျေးရွာတောင်သူများအနေဖြင့် စိတ်တူကိုယ်တူ ဆန္ဒတူသူများစုပေါင်း၍ သမဝါယမအသင်းများဖွဲ့စည်းကာ ဒေသနှင့်ကိုက်ညီပြီး ဈေးကွက်ဝင်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့်အရင်းအနှီးများ မတည်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြား၍ ဒေသခံပြည်သူများ၏ တင်ပြမှုအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကာ အလယ်ရွာကျေးရွာရှိ အိမ်ထောင်စု ၁၀၀၊ ရှမ်းရွာ ကျေးရွာရှိ အိမ်ထောင်စု ၁၂၀ တို့တွက် အိမ်ထောင်စု တစ်စုလျှင် ဆန်နှင့် အဝတ်အထည်များ ထောက်ပံ့ပေးအပ်ကာ ပုဂ္ဂလိကစက်ရေတွင်းများ တွင်းဆေးတွင်းမှုတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် ဝဲကြီးကျေးရွာသို့ သွားရောက်ပြီး ဆင်သေချောင်းရုတ်တရက် ရေကြီးရေလျှံမှုများကြောင့် ကျေးရွာတွင်းလမ်းများနှင့် စိုက်ပျိုးသီးနှံများ ချောင်းရေတိုက်စားပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ပြုပြင်ရေး လုပ်ငန်းများအား ဦးစားပေးအလိုက် အမြန်ဆုံးဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ရေဘေးဒဏ်သင့်ခဲ့ရသည့် ချောင်းကမ်းကြီးမှ အိမ်ထောင်စုဝင်များအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၄

ရေဘေးဒဏ် သင့်ခဲ့ရသည့် နေပြည်တော် ဇေယျာသီရိမြို့နယ် ချောင်းကမ်းကြီး ကျေးရွာမှ အိမ်ထောင်စု ၂၆၀ အတွက် ထောက်ပံ့ငွေနှင့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန် စသည့် ပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ချောင်းကမ်းကြီး ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ညွှန်ကြားရေးမှူးချုပ် များနှင့် တာဝန်ရှိသူများ၊ ဦးစီးဌာန၊ အဖွဲ့ရုံးတို့မှ ဝန်ထမ်းများနှင့် မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များ အသင်း(MOEAA) တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (MOEAA) မှ တာဝန်ရှိသူများက ချောင်းကမ်းကြီး ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးသုစိတ္တထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်အိမ်ခြေ ၂၆၀ မှ မိသားစုဝင်များအတွက် ထောက်ပံ့ငွေနှင့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန် စသည့် ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများက ရေဘေးသင့်မိသားစုဝင်များကို ကျန်းမာရေး စောင့်ရှောက်ပေးနေမှုကို လှည့်လည်ကြည့်ရှု၍ ရေဘေးသင့် မိသားစုဝင်များအား အားပေးစကားပြောကြားကြသည်။

ယနေ့ အခမ်းအနားတွင် ချောင်းကမ်းကြီး ကျေးရွာမှ အိမ်ထောင်စု ၂၆၀ အတွက် စုစုပေါင်းငွေကျပ် ၃၀၂၆၇၀၀၀ တန်ဖိုးရှိ ထောက်ပံ့ငွေနှင့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန် စသည့် ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စင်ကာပူပြည်သူများက မြန်မာနိုင်ငံရေဘေးသင့်ဒေသမှ ပြည်သူများသို့ လှူဒါန်းသည့် အစားအစာနှင့် လူသုံးကုန်ပစ္စည်းများ ရန်ကုန်မြို့သို့ စတင်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၄

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ ပြည်နယ်အချို့တွင် မကြာသေးမီက မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီး၊ ရေလျှံမှုများဖြစ်ပွားလျက်ရှိသည့် ရေဘေးသင့်ဒေသများသို့ စင်ကာပူနိုင်ငံရှိ Singapore Sinhala Buddhist Association၊ Mahakaruna Buddhist Society နှင့် Willing Hearts လူမှုကူညီရေးအသင်းတို့က လူသားချင်းစာနာထောက်ထားမှု အကူအညီများအဖြစ် အာဟာရဖြည့်ဆန်အိတ်များ၊ လူကြီး/ကလေးအဝတ်အထည်များနှင့် ဂျာကင်၊ ဦးထုပ်နှင့် ဖိနပ်များ၊ အစားအစာများနှင့် ရေချိုးဆပ်ပြာ၊ ဆပ်ပြာတောင့်စသည့် လူသုံးကုန်ပစ္စည်းများ ခန့်မှန်း ၁၀ တန် ပမာဏကို မြန်မာသံရုံး စင်ကာပူမြို့မှတစ်ဆင့် လှူဒါန်းခဲ့သည်။

**ရောက်ရှိ**

အဆိုပါလှူဒါန်း ပစ္စည်းများကို စက်တင်ဘာ ၂၃ ရက်မှ ၂၇ ရက်အတွင်း စင်ကာပူမြို့မှ ရန်ကုန်မြို့သို့ ပျံသန်းပြေးဆွဲလျက်ရှိသော Myanmar National Airways (MNA) နှင့် Myanmar Airways International (MAI) လေကြောင်းလိုင်းများက ရေဘေးသင့် မြန်မာပြည်သူများအကျိုးအတွက် အခမဲ့သယ်ယူပို့ဆောင်ပေးမှုပြုခဲ့ပြီး စက်တင်ဘာ ၂၃၊ ၂၄ ရက်များတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပစ္စည်းပမာဏ နှစ်တန်ကျော် စတင်တင်ပို့ရောက်ရှိခဲ့သည်။

စင်ကာပူပြည်သူများမှ သက်ဆိုင်ရာပရဟိတအဖွဲ့အစည်းများမှတစ်ဆင့် ပေးပို့လှူဒါန်းသည့် ပစ္စည်းများကို မြန်မာနိုင်ငံ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ဒေသများမှ ပြည်သူများထံသို့ဆက်လက်ဖြန့်ဝေပေးပို့သွားမည်ဖြစ်သည်။

မြန်မာသံရုံး စင်ကာပူအနေဖြင့် စင်ကာပူနိုင်ငံရှိ Singapore Sinhala Buddhist Association Mahakaruna Buddhist Society နှင့် Willing Hearts အသင်းတို့နှင့် လက်တွဲ၍ မြန်မာနိုင်ငံ ရေဘေးသင့်ဒေသမှပြည်သူများသို့ လှူဒါန်းမှုများ အဆင်ပြေချောမွေ့စွာ ရောက်ရှိနိုင်ရေးအတွက် ပံ့ပိုးကူညီပေးလျက်ရှိပြီး မြန်မာနှင့်စင်ကာပူ နှစ်နိုင်ငံ ဆက်ဆံရေးတွင် အခြေခံအကျဆုံးသောအစိတ်အပိုင်းဖြစ်သည့် နှစ်ဖက်ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်အားပေးကူညီမှုများ တိုးပွားစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ရေဘေးဒဏ်ခံစားရသောဒေသများအတွက် အလှူရှင်များက အလှူငွေများလှူဒါန်း




**နေပြည်တော် စက်တင်ဘာ ၂၄**

ရေဘေးဒဏ်ခံစားရသောဒေသများအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန၌ ကျင်းပပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ဌာန၊ အဖွဲ့အစည်းများနှင့် စေတနာရှင် အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူကာ ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ခုံရုံးအဖွဲ့ဝင်နှင့် ဝန်ထမ်းများက ငွေကျပ်သိန်း ၅၀၊ Diamond Brothers Group မှ ငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ရှိ ရေဘေးရှောင်ပြည်သူများအား တွေ့ဆုံအားပေး ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၂၄**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာ အောင်မြေရတနာဘုန်းတော်ကြီးကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ် ရွှေမင်္ဂလာပေါက်တောဘုန်းတော်ကြီးကျောင်းတို့ရှိ ရေဘေးရှောင်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့သည်။

**အားပေးစကားပြောကြား**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နှစ်ပေါင်းများစွာ မဖြစ်ပွားဖူးသည့် ရေကြီးရေလျှံမှုကြောင့် နေပြည်တော်ရှိ မြို့နယ် ငါးမြို့နယ်တွင် ထိခိုက်ပျက်စီးမှုအခြေအနေ၊ နိုင်ငံတော်အစိုးရအနေဖြင့် ထောက်ပံ့ထားရှိမှုအခြေအနေ၊ နေထိုင်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးတို့အတွက် နိုင်ငံတော်က တတ်နိုင်သမျှ ဆက်လက်ပံ့ပိုးကူညီမည့် အခြေအနေတို့ကို ရှင်းလင်း၍ အားပေးစကားပြောကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌက လမ်းပန်းဆက်သွယ်မှု ပြန်လည်ကောင်းမွန်ရေး၊ ဆေးရုံဆေးခန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ရေကြီးရေလျှံမှုကြောင့် အသက်ဆုံးရှုံးခဲ့ရသူတို့၏ မိသားစုဝင်များအား နိုင်ငံတော်က ထောက်ပံ့သည့် ငွေကျပ် ၅၀၀၀၀၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သည့် ငွေကျပ် ၃၀၀၀၀၀၊ နေပြည်တော်ကောင်စီက ထောက်ပံ့သည့် ငွေကျပ် ၂၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၀၀၀၀၀၀ စီကိုလည်းကောင်း၊ နေအိမ် ရေမျောပါ ပျက်စီးဆုံးရှုံးရသူများအတွက် မိသားစုအလိုက် ကယ်ဆယ်ရေးပစ္စည်းများကို လည်းကောင်း ထောက်ပံ့ပေးအပ်ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်(နေပြည်တော်)နှင့် Save The Children တို့မှ တာဝန်ရှိသူများက လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သန်လျင်မြို့နယ်၌ စာအုန်းဆီများ သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချပေး

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ စာအုန်းဆီများကို သတ်မှတ်ရည်ညွှန်းဈေးဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် တာဝန်ရှိသူများက ပြည်သူများလက်ဝယ်အရောက် စက်တင်ဘာ ၉ ရက်မှစတင်ကာ ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ Wilmar Myanmar Edible Oils Com၊ Resources Group Trading Com ကုမ္ပဏီတို့၏ သတ်မှတ်ရည်ညွှန်းဈေးဖြင့် ဆီအရောင်းကိုယ်စားလှယ် ဒေါ်လွဲ့လွဲ့စမ်းက ကြီးကြပ်ဆောင်ရွက်ပြီး သက်ဆိုင်သည့် မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်၊ ဗိုလ်ချုပ်ကျေးရွာ၊ ဘုရားကုန်းကျေးရွာခွဲ ခြောက်ရွာတို့တွင်ရောင်းချပေးလျက်ရှိကြောင်းနှင့် အိမ်ထောင်စုတစ်စုလျှင် သတ်မှတ်ဆီအဝယ်စာအုပ်ဖြင့် ၁၀ ရက်တစ်ကြိမ် စာအုန်းဆီ တစ်ပိဿာနှုန်းဖြင့် ရောင်းချပေးကြောင်း သိရသည်။

သက်ခိုင်(သန်လျင်)



# ကလောမြို့နယ်၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ကလော စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ရွှေတောင်ကြား ရပ်ကွက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို စက်တင်ဘာ ၂၂ ရက် ညနေ ၃ နာရီက ထောက်ပံ့ပေးအပ်သည်။



ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် ကလောတပ်နယ်မှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်၊ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဦးလင်းဇော်ထွေးနှင့် တာဝန်ရှိသူများက ရွှေမင်းဖုန်းကျေးရွာအုပ်စု အာရှကမ္ဘာမြေကုမ္ပဏီ၏ ရွှေမင်းဖုန်းသတ္တုလုပ်ကွက်လုပ်သားစုရပ် ရွှေတောင်ကြားကွက်ရပ်သို့ သွားရောက်၍ လောချောင်း ရေလျှံမှုကြောင့် ရေဘေးသင့်ခဲ့သည့် ပြည်သူများနှင့် ရွှေ့ပြောင်းလုပ်သား အိမ်ထောင်စု ၅၉၃ စု လူဦးရေ ၁၈၁၈ ဦးတို့အား ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သော ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ မိုးကာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ညောင်ကုန်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းတွင် ရေနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် နေရာများသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အားပေးစကား ပြောကြား၍ ကျောင်းအုပ် ဆရာမကြီးထံ ထောက်ပံ့ငွေကျပ် လေးသိန်းနှင့် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၂၂ ရက်က ရဲတပ်ဖွဲ့မှူး ရဲမှူး တင်မောင်နိုင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၇၅ ဦးတို့က မကွေးတိုင်းဒေသကြီး အောင်လံမြို့ တရော်ကုန်းရပ်ကွက် သာသနာ့ဗိမာန်ဘုန်းကြီးကျောင်းဝင်းအတွင်းနှင့် ဘုရားစေတီရင်ပြင်များပေါ်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ လင်းလက်(ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်း ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ ရက်က မြို့နယ်ခန်းမ၌ ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)



**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**

# မြစ်ကြီးနားမြို့၌ သန်းခေါင်စာရင်းကောက်ယူရေး သင်တန်းဖွင့်ပွဲ ကျင်းပ

**မြစ်ကြီးနား စက်တင်ဘာ ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေး မြို့နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီက ကြီးမှူး၍ မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က မြစ်ကြီးနားတက္ကသိုလ် ဗဟိုခန်းမ၌ ကျင်းပသည်။

ဦးစွာ မြစ်ကြီးနားမြို့နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းကို စာရင်းစစ်၊ စာရင်းကောက် နည်းပြဆရာ ဆရာမ ၁၅ ဦးတို့က သင်တန်းသား/သင်တန်းသူ ၁၉၆ ဦးတို့အား သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ ပါမောက္ခ(ဌာနမှူးများ)၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများနှင့် လုပ်ငန်းလမ်းညွှန် အစည်းအဝေး ကျင်းပ




နေပြည်တော် စက်တင်ဘာ ၂၄

ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများနှင့် လုပ်ငန်းလမ်းညွှန် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခဌာနမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုဝင်ဘာ ၂၀ ရက်တွင် အဝေးသင်စာမေးပွဲများ ပြီးဆုံးပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၏ နေ့သင်တန်းများကို နိုဝင်ဘာ ၂၁ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ အမျိုးသားစည်းကမ်း အစ၊ စာသင်ကျောင်းက ဆောင်ပုဒ်ရှိသည်နှင့်အညီ ကျောင်းသား ကျောင်းသူများ စည်းကမ်းလိုက်နာတတ်ပြီး အမှန်တကယ် စာတတ်မြောက်အောင် ဆရာ ဆရာမများက လေ့ကျင့်ပျိုးထောင်ပေးရေး၊ ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးနှင့် သန့်ရှင်းသာယာစေရေး အစဉ်တစိုက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က သင်ကြားရေးကိစ္စရပ်များ၊ စာမေးပွဲ ကိစ္စရပ်များတွင် လစ်ဟာမှုများမရှိအောင် သတိကြီးစွာဖြင့် ကြိုတင်စဉ်းစားလုပ်ဆောင်ကြစေလိုကြောင်း ပြောကြားသည်။

## သင်ကြားပေးရန်လိုအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် (၂၄)ကြိမ်မြောက် ဝိဇ္ဇာ၊ သိပ္ပံ သုတေသနညီလာခံကို ဇန်နဝါရီလတွင် ကျင်းပသွားမည်ဖြစ်ပြီး သုတေသနစာတမ်းများကို ပါဝင်ဖတ်ကြားဆွေးနွေးစေလိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့် နိုင်ငံ၏ပညာရေးကဏ္ဍတိုးတက်စေရန် မိမိတို့တတ်မြောက်ထားသောပညာရပ်များကို စေတနာအပြည့်ဖြင့် သင်ကြားပေးရန်လိုအပ်ကြောင်း ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်



# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသား/အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ပဲခူး စက်တင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အသက် ၂၅ နှစ်အောက် အမျိုးသား/အမျိုးသမီးခရစ်ကက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ ရက် ညနေပိုင်းက ပဲခူးမြို့ ဟံသာဝတီယူနိုက်တက်ဘောလုံးကွင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားအသင်းများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကာ အားကစားကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြပြီး မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်က ခရစ်ကက်အားကစား အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုငွေများ ပေးအပ်ခဲ့သည်။

အဆိုပါ ၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အသက် ၂၅ နှစ်အောက် အမျိုးသား/အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲကို စက်တင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခရိုင်မှ ခရိုင်ကိုယ်စားပြု အမျိုးသားအသင်း ခြောက်သင်း၊ အမျိုးသမီးအသင်း ခြောက်သင်း စုစုပေါင်း ၁၂ သင်း ပါဝင်ကာ အုပ်စုပတ်လည်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် စက်တင်ဘာ ၂၄

၂၀၂၄ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားပိုက်ကျော်ခြင်း ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ဆက်လက်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ကစားကြရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအသင်းက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအသင်းက မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

## ရည်ရွယ် ကျင်းပ

အဆိုပါ ပြိုင်ပွဲကို ဝန်ထမ်းများ ကျန်းမာကြံ့ခိုင်စေရန်၊ စည်းလုံးညီညွတ်စေရန်၊ အားကစားစိတ်ဓာတ်ဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်နိုင်စေရန်နှင့် နိုင်ငံ့ကိုယ်စားပြု အားကစားသမားများ ပေါ်ထွန်းလာစေရေး အတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲကို စက်တင်ဘာ ၂၅ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအသင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအသင်းတို့က လည်းကောင်း၊ တတိယနေရာလုပွဲကို မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအသင်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအသင်းတို့က လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

နေပြည်တော် စက်တင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ



# ဝမ်းတွင်းမြို့နယ်အတွင်း ရေဝင်ရောက်ခဲ့သော အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်

ဝမ်းတွင်း စက်တင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ စက်တင်ဘာ ၁၁ ရက်မှ ၁၄ ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်ခဲ့ပြီး ရေဝင်ရောက်ခဲ့သော အခြေခံပညာကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်လျက်ရှိသည်။

## စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြင့်သိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းဇော်မြင့်၊ မြို့နယ်လုံခြုံရေးအရာရှိ ဗိုလ်ကြီးဝေဟန်ကျော်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ စုစုပေါင်းအင်အား ၅၀ က ပြည်သူများနှင့် ပူးပေါင်းကာ ရေဝင်ရောက်ခဲ့သော အခြေခံပညာကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




**၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက်**
**ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု**
**အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်**

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ The Fifth Plenary Meeting of the Global Operational Network of Anti-Corruption Law Enforcement Authorities (GlobE Network) သို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၄**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် The Fifth Plenary Meeting of the Global Operational Network of Anti– Corruption Law Enforcement Authorities (GlobE Network) သို့ အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

**တက်ရောက်**

GlobE Network သို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးရဲထက်၊ ညွှန်ကြားရေးမှူး ဦးလင်းဝေအောင်နှင့် ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းတို့လည်း အွန်လိုင်းဖြင့် တက်ရောက်ကြသည်။




အခမ်းအနားတွင် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (United Nations Office on Drugs and Crime–UNODC)၊ Trading Affairs ဌာနခွဲ ညွှန်ကြားရေးမှူး John Brandolino နှင့် အမှုဆောင် ညွှန်ကြားရေးမှူး Ghada Waly တို့က မိတ်ဆက်စကားပြောကြားပြီး စပိန်နိုင်ငံ၊ ဆော်ဒီအာရေဗျနိုင်ငံနှင့် တရုတ်နိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကအမှာစကား ပြောကြားကြသည်။

ထို့နောက် တရုတ်နိုင်ငံ၏ ဆောင်ရွက်ချက်တစ်ခုဖြစ်သည့် "Together Against Cross–Broder Corruption" ခေါင်းစဉ်ဖြင့် Video Clip ပြသပြီး အစီအစဉ်အရ အဂတိလိုက်စားမှုများအပေါ် တစ်ကမ္ဘာလုံးဆိုင်ရာ ထင်မြင်ယူဆချက်များနှင့် စပ်လျဉ်း၍ "Global Vision" ခေါင်းစဉ်ဖြင့် High–Level Forum ကိုကျင်းပရာ တရုတ်နိုင်ငံ အမျိုးသားကြီးကြပ်ရေးကော်မရှင်မှ Chen Long နှင့် GlobE Network ၏ ဦးဆောင်ကော်မတီဥက္ကဋ္ဌ Javier Sanchez– Vicente Martin တို့က moderator အဖြစ် ဆောင်ရွက်၍ တက်ရောက်လာကြသည့် နိုင်ငံများမှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေမူဘောင် ခိုင်မာရေးနှင့်စပ်လျဉ်း၍ UNODC မှညွှန်ကြားရေးမှူး John Brandolino က moderator အဖြစ်လည်းကောင်း၊ ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေရေးခေါင်းစဉ်ဖြင့် GlobE Network ၏ ဦးဆောင်ကော်မတီဥက္ကဋ္ဌ Daniel Vazquez Llorens က moderator အဖြစ်လည်းကောင်း ဆောင်ရွက်၍ Forum တက်ရောက်လာသည့် နိုင်ငံအလိုက် ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးကို စက်တင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ - တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးအလုပ်သဘောခရီးစဉ်ဖြင့် ရောက်ရှိနေသော ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Liu Yong ခေါင်းဆောင်သောအဖွဲ့ဝင်ခြောက်ဦးပါအဖွဲ့သည် မြန်မာ–တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦး၊ နာယက၊ ဒုတိယဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် ယနေ့မွန်းတည့် ၁၂ နာရီတွင် ဆီဒိုးနားဟိုတယ်၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်မှုတိုးမြှင့်တည်ဆောက်ရေး၊ အေးအတူပူအမျှ ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ရေး၊ နှစ်နိုင်ငံပြည်သူချင်း ဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေးနှင့် နှစ်နိုင်ငံ အကျိုးစီးပွားကိုအလေးထားဖော်ဆောင်ရေးတို့ကို ဆွေးနွေးကြသည်။

ထို့နောက် မြန်မာ–တရုတ် ချစ်ကြည်ရေးအသင်းက ဧည့်သည်တော်များအား ဒဂုံခန်းမ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့ပြီးချိန်မှာ ပျက်စီးဆုံးရှုံးမှုရှိခဲ့ရင် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူခြင်းနဲ့ ပြန်လည်ပြုပြင်ခြင်းတွေ အမြန်ဆုံး ဆောင်ရွက်ပြီး ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်

**ဦးရဲတိုးသွင်၊ ဦးဆောင်ညွှန်ကြားရေးမှူး**

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် စက်တင်ဘာလအတွင်း ထူးကဲသည့်မိုးရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ဓာတ်အားလိုင်းများ၊ တာဝါတိုင်များ ပြိုလဲပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။ ထိုသို့ ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်သူများ လျှပ်စစ်ဓာတ်အား အမြန်ဆုံးပြန်လည်သုံးစွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတိုးသွင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး။ ။နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ရေကြီးရေလျှံမှုကြောင့် ဓာတ်အားလိုင်းများ၊ တာဝါတိုင်များ ပြိုလဲပျက်စီးမှုများ ဖြစ်ပေါ်ခဲ့တဲ့အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ဓာတ်အားလိုင်းများ စောင့်ကြည့်ပြုပြင်ထိန်းသိမ်းမှုအခြေအနေကို အရင်ဆုံးသိပါရစေ။**

ဖြေ။ ။ရေကြီးမှုဖြစ်ပေါ်တဲ့နေရာတွေမှာ လျှပ်စစ်နဲ့ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုအနေနဲ့ ရေကြီးရေလျှံတဲ့နေရာတွေ၊ ရပ်ကွက်တွေ၊ ကျေးရွာတွေကို လိုက်လံသတင်းယူစစ်ဆေးပြီး လျှပ်စစ်အန္တရာယ် မဖြစ်ပေါ်စေဖို့အတွက် ထရန်စဖော်မာအလိုက် ကြိုတင်ဓာတ်အား ဖြတ်တောက်ပါတယ်။ ဌာနပိုင်မီတာတွေ ရေနစ်မြုပ်မှုကြောင့် ဆုံးရှုံးမှုမရှိစေဖို့အတွက် မီတာများ ယာယီဖြုတ်သိမ်းခြင်း၊ ရေတက်လာတဲ့အခါ ဌာနပိုင်ထရန်စဖော်မာနဲ့ ဆက်စပ်ပစ္စည်းတွေ ရေနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေဖို့အတွက် ထရန်စဖော်မာတွေနဲ့ ဆက်စပ်ပစ္စည်းတွေ ရေလွတ်တဲ့နေရာတွေကို ယာယီရွှေ့ပြောင်းပေးခြင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ရေမနစ်မြုပ်သေးတဲ့ နေရာတွေမှာ ဓာတ်အားပေးနိုင်ဖို့အတွက် အချို့ထရန်စဖော်မာတွေ၊ 400 V Panel တွေကို ရေထိစပ်လာရင် အပေါ်ကိုမြှင့်တင်ပေးပြီးတော့ ဓာတ်အားပေးလို့ရအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဝန်ကြီးဌာနအနေနဲ့ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှု၊ ချို့ယွင်းမှုတွေ မဖြစ်ပေါ်စေရေး၊ လျှပ်စစ်အန္တရာယ်မဖြစ်စေရေး၊ ဓာတ်အားလွှတ်ပစ္စည်းတွေနဲ့ ဓာတ်အားလိုင်းပစ္စည်းတွေ ထိခိုက်ပျက်စီးမှု နည်းပါးစေရေးတို့အတွက် ကြိုတင်ကာကွယ်မှုဆောင်ရွက်နိုင်ဖို့နဲ့ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ခဲ့ပြီးချိန်မှာ ပျက်စီးဆုံးရှုံးမှုရှိခဲ့ရင် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူခြင်းနဲ့ ပြန်လည်ပြုပြင်ခြင်းတွေ အမြန်ဆုံးဆောင်ရွက်ပြီး ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ဓာတ်အားလိုင်းတွေ၊ တာဝါတိုင်တွေ ပြိုလဲပျက်စီးမှုမဖြစ်ပေါ်စေရေးအတွက် ဓာတ်အားလိုင်း/ဓာတ်အားခွဲရုံ/တာဝါတိုင် ကွံ့ခိုင်မှုတွေကို မိုးရာသီမှာမဟုတ်ဘဲ အချိန်ပြည့် စောင့်ကြည့်စစ်ဆေးလျက်ရှိတဲ့အပြင် သဘာဝဘေးအန္တရာယ်တွေကြောင့် ဓာတ်အားလိုင်းတွေ၊ တာဝါတိုင်တွေ ပြိုလဲပျက်စီးမှုဖြစ်ပေါ်ခဲ့ရင် အချိန်နဲ့တစ်ပြေးညီ ပြုပြင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။



ဦးရဲတိုးသွင်
ဦးဆောင်ညွှန်ကြားရေးမှူး

**မေး။ ။ရေကြီးရေလျှံမှုတွေကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့တဲ့ လျှပ်စစ်ဓာတ်အားလိုင်းတွေ အခြေအနေကို သိပါရစေ။**

ဖြေ။ ။လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အချို့မှာ ဖြစ်ပွားခဲ့တဲ့ ရေကြီးရေလျှံမှုတွေကြောင့် လျှပ်စစ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံတွေ ပျက်စီးဆုံးရှုံးမှုအပေါ် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၄ ရက်အထိ စာရင်းကောက်ယူရရှိမှုအနေနဲ့ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းမှာဆိုရင် ၂၃၀ ကေဗွီ ရွှေမြို့-နေပြည်တော် ဓာတ်အားလိုင်း တာဝါတိုင်လေးတိုင်၊ ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ ဓာတ်အားလိုင်း တာဝါတိုင် ငါးတိုင် ပြိုလဲပျက်စီးခဲ့တယ်။ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်နဲ့ ပုဗ္ဗသီရိမြို့နယ်တွေအတွင်းမှာ ၃၃ ကေဗွီဓာတ်အားလိုင်း ခုနစ်လိုင်း ဓာတ်အားပြတ်တောက်ခဲ့ပြီး စုစုပေါင်းဓာတ်အားလိုင်းတိုင် ၁၈၅၂ တိုင်၊ ထရန်စဖော်မာ ၃၃ လုံး ပျက်စီးမှုဖြစ်ပေါ်ခဲ့ပါတယ်။

ဒီလိုပျက်စီးမှုဖြစ်ပေါ်ခဲ့တဲ့ ၃၃ ကေဗွီ ဓာတ်အားလိုင်း ခုနစ်လိုင်းအနက် ၃၃ ကေဗွီ ပင်လောင်း(၁)နဲ့ ၃၃ ကေဗွီ ဇေယျာသီရိဓာတ်အားလိုင်း နှစ်လိုင်းကို အရေးပေါ်ပြုပြင်ပြီးတော့ စက်တင်ဘာ ၁၁ ရက် ညနေပိုင်းကတည်းက ဓာတ်အားပြန်လည် ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။

ပြီးတော့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (တပ်ကုန်း)ကို အမြန်ဆုံး ပြန်လည်ဓာတ်အားပို့လွှတ်နိုင်ဖို့အတွက် ကင်းသာတံတားအနီးမှာ ၃၃ ကေဗွီလိုင်း ပေ ၄၂၀၀ တည်ဆောက်ပေးပြီးတော့ MRTV 2 ဓာတ်အားလိုင်းနဲ့ ချိတ်ဆက်ဆောင်ရွက်ခြင်းတွေကို စက်တင်ဘာ ၁၂ ရက်မှာ စတင်ဆောင်ရွက်ခဲ့ပြီးတော့ စက်တင်ဘာ ၁၅ ရက် ညနေ ၆ နာရီမှာ ၁၀၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးခဲ့တဲ့အတွက် ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ပြီးတော့ တပ်ကုန်းမြို့နယ်ဆေးရုံကို လျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်ပေးနိုင်ခဲ့ပြီး အခုလက်ရှိအခြေအနေမှာ တပ်ကုန်းမြို့ပေါ် ခြောက်ရပ်ကွက်ရှိတဲ့အနက် ငါးရပ်ကွက်ကို လျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

တခြားသော တိုင်းဒေသကြီးလေးခုနဲ့ ပြည်နယ်လေးခုအပါအဝင် စုစုပေါင်းပျက်စီးဆုံးရှုံးမှုအနေနဲ့ ဓာတ်အားလိုင်းတိုင် ၂၃၄၆ တိုင်၊ ထရန်စဖော်မာ ၃၈ လုံး၊ ပျက်စီးမှု ဖြစ်ပေါ်ခဲ့ပါတယ်။ တချို့တိုင်းဒေသကြီး၊ ပြည်နယ်တွေရဲ့ နေရာတချို့မှာက ရေပြန်လည်ကျဆင်းခြင်းမရှိသေးပါဘူး။ ဒါကြောင့် မြေပြင်သေချာစွာမစစ်ဆေးနိုင်တဲ့ရွာတွေ ရှိနေပြီးတော့ ကျွန်တော်တို့အနေနဲ့ စစ်ဆေးလို့ရတဲ့၊ ဆောင်ရွက်လို့ရတဲ့ လုပ်ငန်းအားလုံးကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေဖြစ်တဲ့ မြို့ကြီး၊ ကျိုင်းတောင်း၊ အထက်ပေါင်းလောင်း စက်ရုံ သုံးရုံ၊ တောင်တော်ကွင်း နေရောင်ခြည်သုံးဓာတ်အားပေးစက်ရုံနဲ့ တီကျစ်ကျောက်မီးသွေးစက်ရုံတို့မှာလည်း ရေများဝင်ရောက်မှုကြောင့် ယာယီစက်ရပ်တန့်ထားခဲ့ရပါတယ်။

ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံမှ ညဓာတ်အားထုတ်လုပ်မှု ရပ်တန့်ခြင်းမရှိပေမယ့် ရေတိုက်စားမှုကြောင့် ရေထုတ်ပြွန်တွေ ပျက်စီးခြင်း၊ တည်ဆောက်ဆဲ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းမှာ ဝန်ထမ်းအိမ်ရာ ရှစ်လုံး ရေဝင်ရောက်ပျက်စီးခြင်း၊ အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းမှာ မြေသားလျှော့ကျမှုကြောင့် လမ်းဘေးရေနုတ်မြောင်းတွေ ပြိုကျပိတ်ဆို့ခြင်း ဖြစ်ပေါ်ခဲ့တာရှိပါတယ်။

**မေး။ ။ပျက်စီးမှုဖြစ်ပေါ်ခဲ့တဲ့ ဓာတ်အားလိုင်းနဲ့ တာဝါတိုင်တွေ ဓာတ်အားပြန်လည် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ဖို့ ဘယ်လိုအစီအမံတွေ ချမှတ်ဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ဇေယျာသီရိမြို့နယ်နဲ့ ပုဗ္ဗသီရိမြို့နယ်တွေအတွင်းမှာ ပျက်စီးမှုဖြစ်ပေါ်ခဲ့တဲ့ ဓာတ်အားလိုင်း ငါးလိုင်းကို အမြန်ဆုံးပြုပြင်ပြီး ဓာတ်အားပြန်လည်ပို့လွှတ် ဖြန့်ဖြူးပေးနိုင်ဖို့အတွက် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်/ မြို့ ၁၀ မြို့နယ်က ဝန်ထမ်းတွေ၊ ဝန်ကြီးဌာနနဲ့ လက်တွဲဆောင်ရွက်လျက်ရှိတဲ့အပြင် ပြင်ပလျှပ်စစ်အဖွဲ့တွေက လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း စုစုပေါင်း ၃၀၈ ဦးနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်နဲ့ ရမည်းသင်းခရိုင်တွေက တချို့နေရာတွေမှာ ဓာတ်အားပြတ်တောက်လျက်ရှိပြီးတော့ သက်ဆိုင်ရာမြို့နယ်အသီးသီးမှာ အမြန်ဆုံးပြင်ဆင်နိုင်ရေးကို တိုင်းဒေသကြီးရဲ့ ကြီးကြပ်မှုနဲ့ စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ ကူမဲမြို့နယ် မြို့ပေါ်ရပ်ကွက်ငါးခုနဲ့ ကျေးရွာစုစုပေါင်း ၉၉ ရွာကို စက်တင်ဘာ ၁၆ ရက်မှာ၊ မြစ်သားမြို့နယ် မြို့ပေါ်ရပ်ကွက်သုံးခုကို စက်တင်ဘာ ၁၈ ရက်မှာ၊ ရမည်းသင်းမြို့နယ်ကို စက်တင်ဘာ ၁၉ ရက်မှာ လျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်ပြီးဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးတစ်ခုလုံးမှာ ပျက်စီးခဲ့တဲ့ ဓာတ်အားလိုင်းတွေ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းရဲ့ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီးဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့မှာ ၁၁ ကေဗွီမြို့တွင်းဓာတ်အားလိုင်း ချို့ယွင်းပျက်စီးမှုကို ပြန်လည်ပြုပြင်ပြီးတော့ စက်တင်ဘာ ၁၅ ရက် ညနေ ၄ နာရီမှာ၊ ရေပေးဝေရေး ဓာတ်အားလိုင်းတွေကို စက်တင်ဘာ ၁၈ ရက်မှာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့တဲ့အတွက် ကလောမြို့ပေါ် မီးသုံးစွဲသူ ၈၅ ရာခိုင်နှုန်းကို ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

တောင်တော်ကွင်း နေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံက ထုတ်လုပ်တဲ့ ဓာတ်အားကို ပို့လွှတ်ပေးလျက်ရှိတဲ့အပြင် ၃၃ ကေဗွီ တောင်တော်ကွင်းစက်ရုံ-တောင်တော်ကွင်းခွဲရုံ ဓာတ်အားလိုင်းကိုလည်း မဟာဓာတ်အားလိုင်းမှူးရုံး သာစည်၊ အုန်းတော၊ ရွှေစာရံရှိ လိုင်းဝန်ထမ်း ၇၀ တို့က စက်တင်ဘာ ၁၁ ရက်မှာ စတင်ဆောင်ရွက်ခဲ့ပြီးတော့ ပြုပြင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်ပြီးစီးခဲ့တဲ့အတွက် စက်တင်ဘာ ၁၄ ရက်မှာ ဓာတ်အားပုံမှန်ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုပဲ ၃၃ ကေဗွီ မြို့ကြီး-တောင်တော်ကွင်း ဓာတ်အားလိုင်းကိုလည်း အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ စာမျက်နှာ ၁၅ သို့





ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်နေမှုကို တွေ့ရစဉ်။





# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၄

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်နှင့် ကယားပြည်နယ် လွိုင်ကော်မြို့တို့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

**ကြည့်ရှုအားပေး**

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် ရွှေတိုက်တန်းကျေးရွာ စိန်ရတနာကျောင်းတိုက်နှင့် နန္ဒင်းအိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့သို့ သွားရောက်ပြီး ဆရာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ အဆိုပါကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ ဆား၊ ငပိ၊ ကုလားပဲနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် ကျေးရွာများရှိ စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးနေမှုများအား ကြည့်ရှုအားပေးခဲ့ကြသည်။

အလားတူ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် တောင်ငူမြို့နယ်အတွင်းရှိ ရေကြီးမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် အနောက်ဆင်ရွာကျေးရွာ၊ ရွှေလှေးတောကျေးရွာအနီး တာတမံဆည်ပေါင်များ ကျိုးကျနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆိုပါကျေးရွာများရှိ ရေဘေးရှောင်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တောင်ငူမြို့နယ်အတွင်းရှိ ယာယီရေဘေးရှောင်စခန်းများသို့ သွားရောက်၍ ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ စားသောက်ဖွယ်ရာများ ချက်ပြုတ်ကျွေးမွေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တောင်ငူမြို့တွင်း စက်ယန္တရားကြီးများဖြင့် သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်ရှိ တံတားများတွင် ပိတ်ဆို့နေသည့် အမှိုက်သရိုက်များကို ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများက ရေစီးရေလာကောင်းမွန်စေရေး သန့်ရှင်းရေးပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရေကြီးမှုဖြစ်ပေါ်ခဲ့သည့် မြို့နယ်များတွင် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/ တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

○ စာမျက်နှာ ၁၄ မှ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ၆၆ ကေဗွီ ကျိုင်းတုံ-မိုင်းခုတ်-မိုင်းဆတ် ဓာတ်အားလိုင်းရဲ့ မိုင်းခုတ်-မိုင်းဆတ် အပိုင်းမှာ ကနဦးစစ်ဆေးမှုအရ တာဝါတိုင်နှစ်တိုင် ပြိုလဲခဲ့တဲ့အတွက် မိုင်းဆတ်မြို့ ဓာတ်အားပြတ်တောက်လျက်ရှိပါတယ်။ လမ်းတွေကောင်းမွန်ပြီး ရေကျဆင်းသွားတဲ့အချိန် အမြန်ဆုံးသွားရောက်ပြင်ဆင်နိုင်ဖို့ အသင့်စောင့်ဆိုင်းလျက်ရှိပါတယ်။ ရေဝင်ရောက်မှုတွေ ဖြစ်ပေါ်ခဲ့တဲ့ ဓာတ်အားပေးစက်ရုံတွေကို ရေစုပ်ထုတ်ခြင်း၊ နုန်းမြေများရှင်းလင်းခြင်းနှင့် ပြင်ဆင်ခြင်း လုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မေး။ ။ပြည်သူတွေသိရှိအောင် ဖြည့်စွက်ပြောကြားချင်တာ ရှိရင်လည်း ပြောပြပေးပါ။

ဖြေ။ ။လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေနဲ့ ပြည်သူတွေကို အသိပေးလိုတာရှိပါတယ်။ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ရင် အများပြည်သူအနေနဲ့ မိမိအိမ်အထိ ရေရောက်ပြီဆိုတာနဲ့ မီးလာနေသည်ဖြစ်စေ၊ မီးပျက်နေသည်ဖြစ်စေ အရင်ဆုံး နေအိမ်ရှိ မိန်းခလုတ်ကို ပိတ်ထားဖို့ လိုအပ်ပါတယ်၊ ပြီးမှ လျှပ်စစ်ဌာနကို အကြောင်းကြားပေးဖို့ လိုအပ်ပါတယ်။

ပြည်သူတွေအနေနဲ့ လျှပ်စစ်ဓာတ်အားပေးထားတဲ့နေရာတွေမှာ ရေစိုတဲ့ခန္ဓာကိုယ်၊ ခြေ၊ လက်တွေနဲ့ လျှပ်စစ်အသုံးအဆောင်ပစ္စည်းတွေကို ကိုင်တွယ်ရာမှာ အထူးဂရုပြုကိုင်တွယ်ဖို့ လိုအပ်ပါတယ်။ ရေစိုတဲ့ခန္ဓာကိုယ်ဟာ လျှပ်စစ်စီးမှုအားကောင်းတဲ့အတွက် ဓာတ်လိုက်မှုဖြစ်နိုင်ခြေအများဆုံးဖြစ်သလို ထိခိုက်သေဆုံးမှု အများဆုံးဖြစ်နိုင်ပါတယ်။

ဒါကြောင့် အများပြည်သူအနေနဲ့ ရေစိုနေတဲ့အချိန်မှာ လျှပ်စစ်ပစ္စည်းတွေကို ကိုယ်တွယ်ခြင်း မပြုဖို့၊ မလွှဲသာလို့ ကိုင်တွယ်ရရင်လည်း ခန္ဓာကိုယ်ကို ခြောက်သွေ့အောင် ပြုလုပ်ပြီးမှ၊ ဒါမှမဟုတ်ရင် လျှပ်ကာပစ္စည်းတစ်ခုခု အသုံးပြုပြီး ကိုင်တွယ်ဆောင်ရွက်သင့်ပါတယ်။ နောက်တစ်ချက်က ရေကြီးလာတဲ့အတွက် ဓာတ်အားလွှတ်ထားတဲ့ လျှပ်စစ်ဓာတ်အားလိုင်းကြိုးနဲ့ ရေမျက်နှာပြင် နီးကပ်လာတာတွေရှိပါတယ်။

တချို့ရေတက်တဲ့အချိန် ရေထဲကနေလှေနဲ့ သွားလာလုပ်ကိုင်ရတာတွေ ရှိပါတယ်၊ အဲဒီလိုသွားတဲ့အချိန် ဓာတ်အားလိုင်းကြိုးနဲ့ ရေပြင်နီးကပ်တဲ့အချိန်မှာ ဓာတ်အားလိုင်းကြိုးအောက်ကနေ အမှုမဲ့အမှတ်မဲ့ ဖြတ်သန်းသွားလာခြင်းမပြုဖို့ အသိပေးပြောကြားလိုပါတယ်။ နောက်တစ်ချက်က ရေထဲပြုတ်ကျနေတဲ့ ဆားဗစ်ကြိုးတွေ၊ ဓာတ်အားလိုင်းကြိုးတွေကို ကိုင်တွယ်ခြင်းမပြုဖို့နဲ့ တွေ့ရှိက နီးစပ်ရာလျှပ်စစ်ရုံးတွေမှာ အကြောင်းကြားပေးဖို့ ပြောကြားလိုပါတယ်။

**အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

**မင်းဟန်**

# လေဖိအားနည်းရပ်ဝန်း၏အရှိန်နှင့် မုတ်သုံလေအားကောင်းနေခြင်းကြောင့် မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်




နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်း ကမ်းလွန်-ဩရိဿတောင်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။

အဆိုပါလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ညမှ စက်တင်ဘာ ၂၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# စာရင်းကောက်များ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုခြင်းဖြင့် သန်းခေါင်စာရင်းကောက်ယူရာတွင် ပူးပေါင်းပါဝင်ကြပါ .......

ဝင်းမြင့် (တွံတေး)

**သန်းခေါင်စာရင်းအကြောင်းကို ရေးကြမည်၊ ပြောကြမည်ဆိုလျှင် သန်းခေါင်စာရင်းသမိုင်းကို ချန်လှပ်ထား၍မရပါ။ မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းကို ရှေးဘုရင်များလက်ထက်ကပင် ကောက်ယူခဲ့ကြကြောင်း၊ သာလွန်မင်းလက်ထက် မြန်မာသက္ကရာဇ် ၉၉၉ ခုနှစ်နှင့် ဘိုးတော်ဘုရားလက်ထက် မြန်မာသက္ကရာဇ် ၁၀၄၅ ခုနှစ်တွင် သန်းခေါင်စာရင်း သဘောသက်ရောက်သည့် စစ်တမ်းများကောက်ယူခဲ့ကြောင်း သမိုင်းမှတ်တမ်းများ ရှိခဲ့ပါသည်။**

အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၁၈၇၂ ခုနှစ်မှ စတင်၍ ကောက်ယူခဲ့ပြီး ၁၀ နှစ်တစ်ကြိမ် ပုံမှန်ကောက်ယူခဲ့ပါသည်။ မှတ်တမ်းများအရ ၁၈၇၂ ခုနှစ်တွင် အောက်မြန်မာပြည် လူဦးရေ ၂ ဒသမ ၇၅ သန်း၊ ၁၈၈၁ ခုနှစ်တွင် ၃ ဒသမ ၇၄ သန်း ကောက်ယူရရှိခဲ့ပြီး ၁၈၉၁ ခုနှစ်မှစ၍ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ရာ ၁၈၉၁ ခုနှစ်တွင် ၇ ဒသမ ၇၃ သန်း၊ ၁၉၀၁ ခုနှစ်တွင် ၁၀ ဒသမ ၅ သန်း၊ ၁၉၁၁ ခုနှစ်တွင် ၁၂ ဒသမ ၁၁ သန်း၊ ၁၉၂၁ ခုနှစ်တွင် ၁၃ ဒသမ ၂၁ သန်း၊ ၁၉၃၁ ခုနှစ်တွင် ၁၄ ဒသမ ၆၇ သန်း၊ ၁၉၄၁ ခုနှစ်တွင် ၁၆ ဒသမ ၈၂ သန်း ကောက်ယူရရှိခဲ့ပါသည်။

နိုင်ငံတော်အစိုးရလက်ထက်တွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၀ နှစ်အကြာ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ် ကောက်ယူခဲ့ရာ ၁၉၇၃ ခုနှစ်တွင် စုစုပေါင်း လူဦးရေ ၃၅ ဒသမ ၃ သန်း ကောက်ယူရရှိခဲ့ပါသည်။ ၁၉၈၃ ခုနှစ် နှစ်လွန်နှစ်များတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ဘဲ နှစ်ပေါင်း ၃၀ အကြာ ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်း ဒီမိုကရေစီအစိုးရလက်ထက်တွင် မိုင်းပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ဦးက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သန်းခေါင်စာရင်းကောက်ယူရန် ရှိ/မရှိ အဆိုတင်သွင်းခဲ့မှုအပေါ် နိုင်ငံတော်အကြီးအကဲက ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် အစီအမံများ စတင်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါသည်။ သို့ဖြစ်၍ ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့အထိ စာရင်းကောက်ယူခဲ့ပါသည်။ ယခု ၁၀ နှစ်အကြာ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ထုတ်ပြန်ပြီးဖြစ်ပါသည်။



သန်းခေါင်စာရင်းကောက်ယူခြင်းအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးနေစဉ်။

**လူဦးရေသန်းခေါင်စာရင်းဆိုသည်မှာ**

ပြည်သူများအနေဖြင့် သန်းခေါင်စာရင်း အဓိပ္ပာယ်ကို ကွဲကွဲပြားပြား မသိရှိကြသေးပေ။ မိမိတို့အိမ်တွင်ရှိသော အိမ်ထောင်စုလူဦးရေစာရင်း (၆၆/၆) ပုံစံကို သန်းခေါင်စာရင်းဟု ထင်မြင်နေကြဆဲဖြစ်သည်။ လူဦးရေသန်းခေါင်စာရင်းဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ လူဦးရေစာရင်းကောက်ယူခြင်း၊ စာရင်းဇယားပြုစုခြင်း၊ ဆန်းစစ်လေ့လာခြင်းနှင့် ထုတ်ပြန်ကြေညာခြင်းစသည့် လုပ်ငန်းစဉ်တစ်ခုလုံးကို ဆိုလိုသည်။ သန်းခေါင်စာရင်းကောက်ယူရာတွင် နေ့တစ်နေ့၏ သန်းခေါင်ယံအချိန်ကို ရည်ညွှန်းချိန်အဖြစ် သတ်မှတ်ကောက်ယူရခြင်းဖြစ်၍ သန်းခေါင်စာရင်းဟု ခေါ်ဝေါ်သုံးစွဲလာကြခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမည့် အချိန်သည် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဖြစ်၍ သန်းခေါင်စာရင်းရည်ညွှန်းချိန်မှာ ၃၀.၉.၂၀၂၄ ရက်နေ့ ညသန်းခေါင်ယံအချိန်ကို သန်းခေါင်စာရင်း ရည်ညွှန်းချိန်အဖြစ် သတ်မှတ်၍ မြန်မာနိုင်ငံနယ်နိမိတ်အတွင်း နေထိုင်သူများအားလုံးကို ကောက်ယူသွားပါမည်။

**မေးခွန်းပေါင်း ၆၈ ခုကို မေးမြန်းပါမည်**

သန်းခေါင်စာရင်း ကောက်ယူမည့်အချိန်သည် နီးကပ်လာပြီဖြစ်၍ ပြည်သူများအနေဖြင့် စာရင်းကောက်သူများ၏ မေးမြန်းချက်များကို ကြိုတင်သိရှိထားခြင်းအားဖြင့် အချိန်တိုအတွင်း ဖြေကြားနိုင်စေရန် ဖော်ပြပေးပါမည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်စဉ်က မေးခွန်းပေါင်း ၄၁ ခု မေးမြန်းခဲ့ပြီး ယခု ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူချိန်မှာတော့ မေးခွန်းပေါင်း ၆၈ ခုကို စာရင်းကောက်များက မေးမြန်းပါမည်။ မေးခွန်းပေါင်း ၆၈ ခုအနက် အရေးကြီးသော မေးခွန်းများကိုသာ ကောက်နုတ်တင်ပြသွားပါမည်။

စာရင်းကောက်များက ဖော်ပြပါမေးခွန်းများကို မေးမြန်းသွားပါမည် -

အမည်၊ အိမ်ထောင်ဦးစီးနှင့် တော်စပ်ပုံ၊ ပြည့်ပြီးအသက်၊ မွေးသက္ကရာဇ် ရက်၊ လ၊ နှစ်၊ ကိုးကွယ်သည့်ဘာသာ၊ အိမ်တွင် အဓိကပြောဆိုသော ဘာသာစကား၊ ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစား၊ အိမ်ထောင်ရေးအခြေအနေ၊ မွေးစာရင်း ရှိ/မရှိ၊ ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်းအကြောင်းအရာ၊ ပညာရေးအကြောင်းအရာ၊ လုပ်သားအင်အားအကြောင်းအရာ၊ မွေးဖွားခြင်းအကြောင်းအရာ၊ (အိမ်ထောင်ကျဖူးသူအမျိုးသမီးများ အသက်(၁၀)နှစ်နှင့်အထက်) မသန်စွမ်းမှုအကြောင်းအရာ၊ ပြည်ပရွှေ့ပြောင်းသွားလာခြင်းအကြောင်းအရာ၊ နေအိမ်အမျိုးအစား၊ ပိုင်ဆိုင်မှုနှင့် ပို့ဆောင်ဆက်သွယ်ရေးပစ္စည်းများ၊ အိမ်ရှိအခန်းအရေအတွက်၊ အိပ်ခန်းအရေအတွက် သောက်သုံးရေရရှိမှု၊ အလင်းရောင်အတွက် မီးအသုံးပြုမှု၊ လောင်စာအသုံးပြုမှု၊ အိမ်သာအမျိုးအစားနှင့် မျှဝေသုံးစွဲမှု၊ အမှိုက်စွန့်ပစ်မှု၊ လက်ဆေးခြင်းအကြောင်းအရာ၊ လွန်ခဲ့သော ၁၂ လအတွင်း အိမ်ထောင်စုဝင်များထဲမှ သေဆုံးမှု စသည့်မေးခွန်းများဖြစ်ပါသည်။

စာရင်းကောက်များသည် မိမိတာဝန်ကျရာ စာရင်းကောက်ကွက်အတွင်း တစ်အိမ်တက်ဆင်း၊ အိမ်တိုင်ရာရောက် Tablet များဖြင့် ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်းကောက်ယူသည့်စနစ် (Computer Assisted Personal Interviews–CAPI) ဖြင့် စာရင်းကောက်ယူသွားမည်။ သန်းခေါင်စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း အကြောင်းကြားစာကို အိမ်ထောင်စုတိုင်းသို့ မကောက်ယူမီ ကြိုတင်ပေးပို့သွားပါမည်။ အိမ်ထောင်စုတစ်စုအတွင်း စာရင်းကောက်ယူချိန် မိနစ် ၂၀ ခန့်ကြာမြင့်ပါမည်။

**စာရင်းစစ်၊ စာရင်းကောက်များအပေါ် အဓိကတာဝန်ရှိ**

သန်းခေါင်စာရင်းလုပ်ငန်းတစ်ခုလုံး၏ အဓိကကျသည့် ကွင်းဆင်းကောက်ယူခြင်းလုပ်ငန်း၊ စာရင်းကောက်ယူရာတွင် မထပ်၊ မကျန်၊ အမှန်ပြည့်စုံသည့် စာရင်းကောင်းတစ်ခုရရှိရန် စာရင်းစစ်၊ စာရင်းကောက်များအပေါ် အဓိကတာဝန်ရှိပါသည်။ အရည်အချင်းပြည့်ဝသည့် စာရင်းစစ်၊ စာရင်းကောက်များဖြစ်ရန် အလွန်အရေးကြီးပါသည်။ သို့ဖြစ်၍ မကြာမီ သင်ကြားပို့ချမည့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းမှ ပို့ချမည့်သင်ခန်းစာများကို ကြိုးစားလေ့လာမှတ်သားကြရန် တိုက်တွန်းလိုပါသည်။

**“ပြည်ပရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ မေးခွန်းများကို ဖြေကြားရာတွင် အိမ်ထောင်ဦးစီးများအနေဖြင့် အမှန်ကိုသာဖြေကြားပေးရန် လိုအပ်ပါသည်။ တရားဝင်ဗီဇာဖြင့် သွားခြင်း/မသွားခြင်း၊ အောက်လမ်းမှ တရားမဝင်သွားခြင်း စသည်တို့ကို မေးမြန်းမည်မဟုတ်ပါ။ အဓိကမှာ မည်သည့်နိုင်ငံတွင် သွားရောက်နေထိုင် အလုပ်လုပ်ကိုင်နေသည်ကို ဖြေကြားရန်သာဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်နေသူ နှစ်သန်းခန့် (ထိုင်းနိုင်ငံတွင် ၇၀ ဒသမ ၂ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၁၅ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံတွင် ၄ ဒသမ ၆ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၃ ဒသမ ၉ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံတွင် ၁ ဒသမ ၉ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံတွင် ၀ ဒသမ ၉ ရာခိုင်နှုန်း၊ ကိုရီးယားနိုင်ငံတွင် ၀ ဒသမ ၇ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံတွင် ၀ ဒသမ ၄ ရာခိုင်နှုန်းနှင့် အခြားနိုင်ငံများတွင် ၂ ဒသမ ၅ ရာခိုင်နှုန်း) ရှိပါသည်။ စာရင်းကောက်ယူခြင်းအားဖြင့် သိရှိရသောပိုင်ဆိုင်မှုများနှင့်ပတ်သက်၍လည်း အခွန်ကောက်ခံခြင်း၊ အရေးယူခြင်းတို့ကို လုံးဝ လုံးဝ ပြုလုပ်မည်မဟုတ်ပါ”**



ကျုံပျော်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲကျင်းပစဉ်။

စာမျက်နှာ ၁၇ သို့ ☆

# တာချီလိတ်မြို့၌ ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များ ပေးအပ်လှူဒါန်း



**တာချီလိတ် စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ ခရိုင်သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းကိုနှင့် တာဝန်ရှိသူတို့သည် ရေဘေးသင့် ပြည်သူများအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များကို စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက သွားရောက်ပေးအပ်လှူဒါန်းသည်။

ဦးစွာ ပုန်းထွန်ရပ်ကွက် သီရိ ရတနာဂူဟာ(ရှမ်း)ဘုန်းတော်ကြီး ကျောင်းတွင် ဖွင့်လှစ်ထားသော ရေဘေး ကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ဆန် ငါးအိတ်၊ ငါးသေတ္တာလေးဖာ၊ ခေါက်ဆွဲထုပ်ငါးဖာ၊ ငံပြာရည် နှစ်ဖာ၊ ဆီနှစ်ဖာ၊ ရေ ၁၀ ကတ်၊ ပဲဘူးများနှင့် အဝတ်အထည်များကို ပေးအပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် ပါလှို့(၂) ရပ်ကွက် နောင်ခမ်းအောင်ဆုပန် ပရဟိတဘုန်းတော်ကြီး ကျောင်းသို့ သွားရောက်၍ ဆန် ခုနစ်အိတ်၊ ငါးသေတ္တာ လေးဖာ၊ ခေါက်ဆွဲထုပ်ငါးဖာ၊ ငံပြာရည် နှစ်ဖာ၊ ဆီနှစ်ဖာ၊ ရေ ၁၅ ကတ်၊ ပဲဘူးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းဇော်(တာချီလိတ်)**

☆ **စာမျက်နှာ ၁၆ မှ**

သန်းခေါင်စာရင်းကောက်ယူခြင်းသည် အိမ်ထောင်စုစာရင်းပုံစံ ၆၆/၆ သို့မဟုတ် ပုံစံ ၁၀ ရှိခြင်း/ မရှိခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ရှိခြင်း/မရှိခြင်းနှင့်မသက်ဆိုင်ပါ။ သန်းခေါင်စာရင်း ရည်ညွှန်းချိန် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ ညသန်းခေါင်ယံကျော်လွန်ပြီးမှ သေဆုံးသူများ၊ နိုင်ငံခြားသို့ ရောက်ရှိနေသော မြန်မာနိုင်ငံ သံရုံးဝန်ထမ်းများကို စာရင်းကောက်ယူသွားပါမည်။

ပြည်ပရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ မေးခွန်းများကို ဖြေကြားရာတွင် အိမ်ထောင်ဦးစီးများအနေဖြင့် အမှန်ကိုသာဖြေကြားပေးရန် လိုအပ်ပါသည်။ တရားဝင်ဗီဇာဖြင့် သွားခြင်း/မသွားခြင်း၊ အောက်လမ်းမှ တရားမဝင်သွားခြင်း စသည်တို့ကို မေးမြန်းမည်မဟုတ်ပါ။ အဓိကမှာ မည်သည့်နိုင်ငံတွင် သွားရောက်နေထိုင် အလုပ်လုပ်ကိုင်နေသည်ကို ဖြေကြားရန်သာဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်နေသူ နှစ်သန်းခန့် (ထိုင်းနိုင်ငံတွင် ၇၀ ဒသမ ၂ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၁၅ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံတွင် ၄ ဒသမ ၆ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၃ ဒသမ ၉ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံတွင် ၁ ဒသမ ၉ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံတွင် ၀ ဒသမ ၉ ရာခိုင်နှုန်း၊ ကိုရီးယားနိုင်ငံတွင် ၀ ဒသမ ၇ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံတွင် ၀ ဒသမ ၄ ရာခိုင်နှုန်းနှင့် အခြားနိုင်ငံများတွင် ၂ ဒသမ ၅ ရာခိုင်နှုန်း) ရှိပါသည်။ စာရင်းကောက်ယူခြင်းအားဖြင့် သိရှိရသောပိုင်ဆိုင်မှုများနှင့်ပတ်သက်၍လည်း အခွန်ကောက်ခံခြင်း၊ အရေးယူခြင်းတို့ကို လုံးဝ လုံးဝ ပြုလုပ်မည်မဟုတ်ပါ။

၂၀၁၃ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေအရ သန်းခေါင်စာရင်းကောက်ယူသည့်အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာကိစ္စမှတစ်ပါး အခြားမည်သည့်ကိစ္စအတွက်မှ အသုံးပြုခြင်း သို့မဟုတ် စစ်ဆေးခြင်း မပြုရဟု အတိအလင်း ဖော်ပြထားပြီးဖြစ်ပါသည်။

စာရင်းကောက်များမှ မေးမြန်းချက်များကို ပြည်သူများက မှန်ကန်စွာ ဖြေဆိုခြင်းဖြင့် နိုင်ငံတော်မှ သင်တို့နေထိုင်ရာ နယ်မြေအတွင်း လိုအပ်လျက်ရှိသော စာသင်ကျောင်း၊ ဆေးပေးခန်းအရေအတွက်၊ ရေပေးဝေမှုစနစ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရမည့် ပမာဏ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖြန့်ဖြူးပေးမှု၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ မသန်စွမ်းသူများစောင့်ရှောက်ရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများ စောင့်ရှောက်ရေးစသည်တို့ကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်က ပြည်သူတို့၏အကျိုးပြုလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကောက်ယူမည့် သန်းခေါင်စာရင်းလုပ်ငန်းကြီးကို ပြည်သူအားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ကျမ်းကိုးစာရင်း

ဗဟိုသန်းခေါင်စာရင်းကော်မရှင်မှ ထုတ်ဝေသော လက်ကမ်းစာစောင်

၂၀၁၄ ခုနှစ် ပြည်ထောင်စုသန်းခေါင်စာရင်း အစီရင်ခံစာ

## ပြီးကာပျော်နဲ့ “သန်းခေါင်စာရင်း”ပွဲ

❖ မကြာတင်မီ ချိန်ရာသီ၌
ညီညာစုရုံး တစ်ပြည်လုံးဝယ်
အုန်းအုန်းကျွက်ကျွက် ခပ်သွက်သွက်ဖြင့်
တွက်ရေတီလင်း “သန်းခေါင်စာရင်း”
ချဉ်းနင်းကောက်မည် အိမ်တိုင်းဆီ။

❖ မှန်ကန်မြတ်နိုး ပြည်သူမျိုးတို့
ကိုးထားရာဖြစ် “စာရင်းစစ်”ရန်
ထစ်ချမသွေ ဟုတ်တိုင်းဖြေ၍
ပြည်ရွာစီးပွား စီမံထားဖို့
ကြွားဝါကြောက်ခြင်း ကုန်စင်ကင်း။

❖ ကိုယ်လည်းပါဝင် လုပ်ငန်းစဉ်ထည်
ရှင်သန်ထမြောက် ခရီးရောက်လျက်
တောက်ပဝေပြီး အကြီးကြီးဟု
သီးသီးနှလုံး ဆွဲယူသုံးကာ
ပြီးကာပျော်နဲ့ “သန်းခေါင်စာရင်း”ပွဲ။

❖ သူ့တာကိုယ့်တာ နှစ်ဖက်မှာလည်း
သာယာပေးယူ ယဉ်ကျေးမှုဖြင့်
လူနေဆင့်တန်း ရှေးမြင့်မှန်းလျက်
ရမ်းရော်ချီတက် လုပ်ဆောင်ချက်ကို
သက်နှယ်လေးပြု ထားဂရုဖြင့်။ ။

ညို့ဝင်း(ချစ်မြေ)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၉-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၆၀ | ၃၁၄၀ | ၃၁၁၅ | ၃၀၇၀ | ၃၁၄၅ | ၃၁၅၅ | ၃၁၇၀ | ၃၁၂၀ | ၃၂၅၀ | ၃၂၈၀ | ၃၁၃၀ | ၃၁၄၅ | ၃၁၈၀ | ၃၁၆၅ | ၃၁၈၀ | ၃၅၈၅ | ၄၈၀၀ |
| 95 Ron | ၃၂၁၅ | ၃၂၉၅ | ၃၂၇၀ | ၃၂၂၅ | ၃၂၉၅ | ၃၃၁၀ | ၃၃၂၀ | ၃၂၇၅ | ၃၄၀၀ | ၃၄၃၀ | ၃၂၈၅ | ၃၃၀၀ | ၃၃၃၀ | ၃၃၂၀ | ၃၃၃၀ | ၃၇၃၅ | ၅၀၀၀ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၅၅ | ၂၆၃၀ | ၂၅၈၅ | ၂၆၅၅ | ၂၆၇၀ | ၂၆၈၀ | ၂၆၃၅ | ၂၇၆၀ | ၂၇၉၀ | ၂၆၄၅ | ၂၆၆၀ | ၂၆၉၀ | ၂၆၈၀ | ၂၆၉၅ | ၃၀၉၅ | ၄၈၀၀ |
| HSD (50 ppm) | ၃၂၃၅ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၅ | ၃၃၂၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၀၀ | ၃၄၂၅ | ၃၄၅၅ | ၃၃၀၅ | ၃၃၂၀ | ၃၃၅၅ | ၃၃၄၀ | ၃၃၅၅ | ၃၇၆၀ | ၄၈၀၀ |
| HSD (10 ppm) | ၃၂၃၅ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၅ | ၃၃၂၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၀၀ | ၃၄၂၅ | ၃၄၅၅ | ၃၃၀၅ | ၃၃၂၀ | ၃၃၅၅ | ၃၃၄၀ | ၃၃၅၅ | ၃၇၆၀ | ၄၈၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၂ | ၂၉၉၃ |
| 95 Ron | ၃၀၅၀ | ၃၁၄၅ |
| HSD (500 ppm) | ၂၄၃၁ | ၂၅၀၉ |
| HSD (50 ppm) | ၃၀၇၂ | ၃၁၆၃ |
| HSD (10 ppm) | ၃၀၇၂ | ၃၁၆၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# နတ်တလင်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**နတ်တလင်း စက်တင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ ၂၀၂၃-၂၀၂၄ မိုးရာသီတွင် စိုက်ပျိုးခဲ့သော မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို စက်တင်ဘာ ၂၂ ရက်က ကုန်းသာကျေးရွာ တောင်သူဦးတင်ဆန်း၏ Drum Seeder ဖြင့် စိုက်ပျိုးထားသော မိုးစပါးစိုက်ဧက ၁၀ ဧကတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်သူများ ပူးပေါင်း၍ မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ဆောင်ရွက်ခဲ့သည်။

နတ်တလင်းမြို့နယ်၌ မိုးစပါးစိုက်ဧက ၁၁၀၂၆၂ ဧက စိုက်ပျိုးထားရာ ဧက ၈၁၀ ကို ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)



# ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသည့်မိုးစပါးများ ပြန်လည်စိုက်ပျိုးနိုင်ရေး မျိုးစပါးပေးအပ်လှူဒါန်း

ပုသိမ် စက်တင်ဘာ ၂၄

ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသည့် မိုးစပါးများ ပြန်လည်စိုက်ပျိုးနိုင်ရေး ဝယ်ယူကြိတ်ခွဲတင်ပို့သူ၊ သွင်းအားစု အစုအဖွဲ့များက မျိုးစပါးပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ၊ ဝယ်ယူကြိတ်ခွဲတင်ပို့သူ၊ သွင်းအားစုအစုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြေစာရင်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ၂၀၂၄-၂၀၂၅ ခုနှစ် ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးနှင့် မိုးသီးနှံများ ထိခိုက်ပျက်စီး၊ ပြန်လည်စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးသွားသော မိုးစပါးများ ပြန်လည်စိုက်ပျိုးနိုင်ရေး ဝယ်ယူကြိတ်ခွဲတင်ပို့သူများက မျိုးစပါးများ ပေးအပ်လှူဒါန်းမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးသွားသော မိုးစပါးများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဝယ်ယူကြိတ်ခွဲတင်ပို့သူများက မျိုးစပါးများ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးသွားသည့် မိုးစပါးများ ပြန်လည်စိုက်ပျိုးနိုင်ရေး ဝယ်ယူကြိတ်ခွဲတင်ပို့သူ၊ သွင်းအားစု



အစုအဖွဲ့များက ပထမအကြိမ်အဖြစ် ရက် ၉၀ ၁၆၀၀၀ ကျော် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရ မျိုးစပါးနှင့် သီးထပ်ရင်မျိုးစပါး စုစုပေါင်းတင်း သည်။ တိုင်းဒေသကြီး(ပြန်/ဆက်)

# ပန်းတောင်းမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနား ကျင်းပ

ပန်းတောင်း စက်တင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့နံနက် ၉ နာရီက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကျင်းပသည်။



အခမ်းအနားတွင် အခြေခံပညာ အလယ်တန်းကျောင်း (စွယ်တော်)မှ ကျောင်းသားကျောင်းသူလေးများက "အလှဆုံးပန်းများပွင့်ကြပြီ" သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ကျောင်းစာကြည့်တိုက်များ အတွက် စာအုပ်များ လှူဒါန်းခြင်းနှင့် ဟောပြောဆွေးနွေးသည့် စာပေပညာရှင် စာရေးဆရာများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်၊ ပန်းတောင်းတပ်နယ်မှူး ဗိုလ်မှူးချုပ်လှိုင်တင့်၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းတိုင်းပညာရေးမှူး (ရုံးခွဲ)မှ တိုင်းပညာရေးမှူး ဦးတင်ယု၊ ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ကြင်ကြင်သန်း၊ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်တို့က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များနှင့် မှတ်တမ်းဓာတ်ပုံများ၊ ဘုတ်ပြားပြဇာတ်သရုပ်ပြမှု၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများ ယှဉ်ပြိုင်သရုပ်ပြသနေမှု၊ မြို့နယ် စာရေးဆရာအသင်းမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်နှင့် မှတ်တမ်းဓာတ်ပုံများ၊ ဌာနဆိုင်ရာ ပြခန်းများကို လှည့်လည် ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများ၏ အရုပ်ဆက်၊ စကားပုံဆက် ယှဉ်ပြိုင်နေမှုနှင့် ဂိမ်းကစားနည်းများပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုအား လိုက်လံကြည့်ရှုအားပေးပြီး ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေဘေးသင့်ပြည်သူများအား ဆန်အိတ် ၃၀ လှူဒါန်း

တာချီလိတ် စက်တင်ဘာ ၂၄

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေဘေးသင့်ပြည်သူများအား ဆန်အိတ် ၃၀ လှူဒါန်းခြင်းကို စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသော အောင်မြတ်ခန်းမ၌ ကျင်းပသည်။

ထိုသို့လှူဒါန်းခြင်းကို တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ချမ်းမြေ့ဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းနိုင်တို့၏ ဦးဆောင်မှုဖြင့် ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ သတင်းတပ်ဖွဲ့စု၊ မူးယစ်တပ်ဖွဲ့စု၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ လေကြောင်းရဲတပ်ဖွဲ့စု၊ မှုခင်းရဲတပ်ဖွဲ့စုနှင့် ကမ္ဘာလှည့်ရဲတပ်ဖွဲ့စုတို့က စုပေါင်းပေးအပ်လှူဒါန်းရာ နယ်မြေခံတပ်နယ်မှ ယာယီဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး သန့်လှိုင်ဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူသည်။

ထို့နောက် ရဲတပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ရှိ ရေပြန်လည်ကျဆင်းသွားပြီဖြစ်သော ရပ်ကွက်များအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ သန်းဇော်(တာချီလိတ်)




## စစ်တောင်းမြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေကျော် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# မတ္တရာမြို့နယ် ကုန်းတန်းလေးရွာရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် စက်တင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကုန်းတန်းလေးရွာရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




### ဖြစ်စဉ်အမှန်

ဖြစ်စဉ်အမှန်မှာ ကုန်းတန်းလေးရွာတွင် အကြမ်းဖက်သမားများက ပြည်သူများကိုခြိမ်းခြောက်၍ အတင်းအဓမ္မ ဆက်ကြေးကောက်နေပြီး နေအိမ်အချို့နှင့် ကျေးရွာအတွင်းရှိ အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်းများတွင် မိုင်းထောင်ထားရှိကြောင်း တာဝန်သိ ပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများ အန္တရာယ် မဖြစ်ပွားစေရေးအတွက် မိုင်းများအား သွားရောက်ရှင်းလင်း ဆောင်ရွက်နေစဉ် အကြမ်းဖက်သမားများက Drop ဗုံးများဖြင့် လာရောက်တိုက်ခိုက်ခဲ့ရာ ဗုံးသီးများသည် နေအိမ်များအပေါ်သို့ ကျရောက်ပေါက်ကွဲရာမှ လူနေအိမ်များ မီးလောင်ပျက်စီးခဲ့ရကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

### မဟုတ်မမှန်လုပ်ကြံရေးသား

ယင်းဖြစ်စဉ်ကို တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် မဟုတ်မမှန်လုပ်ကြံရေးသားထားခြင်းသာဖြစ်ပြီး ပြည်သူများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ လျော့နည်းပပျောက်ပြီး တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရန်အတွက် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်၌ အကြမ်းဖက်သမားများ၏ သတင်းများရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်စခန်းများကို လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးနှိုးဆော်ထားသည်။

သတင်းစဉ်

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air- FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၇ ရက် (သောကြာနေ့)ညတွင် ပြည်သူများ အပန်းပြေစေရန်အပြင် စိတ်ခွန်အားရရှိစေမည့် စိတ်ဓာတ်တက်ကြွဖွယ် တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များ စုပေါင်း၍ **"ပို၍လှသောမနက်ဖြန်"** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

**(၂၇-၉-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "ပို၍လှသောမနက်ဖြန်" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | တေးသီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ပို၍လှသောမနက်ဖြန် | ဌာနအဆိုရှင် |
| ၂။ | ကျေးဇူးရှင်ချစ်ဖေဖေ | ပြင်ပအဆိုရှင် |
| ၃။ | ရိုးရှင်းသောဘဝ | ပြင်ပအဆိုရှင် |
| ၄။ | ပထမခြေလှမ်း | တူယှဉ်နွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၅။ | နေ့သစ် | တူယှဉ်နွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၆။ | ကိုယ့်ရပ်ဌာနေ | ပြင်ပအဆိုရှင် |
| ၇။ | လင်းဓားအဝင် | ဌာနအဆိုရှင် |
| ၈။ | စိတ်မညစ်နဲ့ | ပြင်ပအဆိုရှင် |
| ၉။ | ရွာသာယာ | ပြင်ပအဆိုရှင် |
| ၁၀။ | လက်တွဲညီတူ အတူတူကူ | ပြင်ပအဆိုရှင် |

❖ **အာဆီယံမှ**

အုပ်စုဒုတိယပွဲစဉ်များအဖြစ် စက်တင်ဘာ ၂၅ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ အင်ဒိုနီးရှားကလပ် မာကာဆာအသင်းနှင့် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်း၊ ထိုင်းနိုင်ငံ၌ ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်းနှင့် ကမ္ဘောဒီးယားကလပ် Preah Khan Reach Svay Rieng အသင်း၊ မလေးရှားနိုင်ငံ၌ မလေးရှားကလပ် တီရန်ဂါနူးအသင်းနှင့် ဗီယက်နမ်ကလပ် ထန်ဟွာအသင်း၊ စက်တင်ဘာ ၂၆ ရက်တွင် ထိုင်းနိုင်ငံ၌ ထိုင်းကလပ် ဘူရီရမ်ယူနိုက်တက်အသင်းနှင့် ဖိလစ်ပိုင်ကလပ် ကာယာအသင်း၊ မလေးရှားနိုင်ငံ၌ မလေးရှားကလပ် ကွာလာလာမ်ပူစီးတီးအသင်းနှင့် အင်ဒိုနီးရှားကလပ် ဘော်နီယိုအသင်း၊ ဗီယက်နမ်နိုင်ငံ၌ ဗီယက်နမ်ကလပ် ဟန္တိုင်းအသင်းနှင့် စင်ကာပူကလပ် Lion City Sailors အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အဖွင့်ပွဲတွင် ဗီယက်နမ်ကလပ် ထန်ဟွာအသင်းကို အဝေးကွင်းတွင် သုံးဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ထားပြီး ယခုပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် မာကာဆာအသင်းနှင့် အဝေးကွင်းပွဲအတွက် ကစားသမား ၂၁ ဦး ခေါ်ဆောင်သွားပြီး ဟိန်းသီဟဇော်၊ ကျော်ကိုကို၊ မျိုးကိုထွန်း၊ လင်းထက်စိုး၊ သက်ဝေမိုး၊ ဈာနေရသူတို့ ကျန်ရစ်ခဲ့သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

## သထုံမြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**သထုံ စက်တင်ဘာ ၂၄**

မွန်ပြည်နယ် သထုံမြို့နယ်၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သထုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက် ၈ နာရီက သထုံခရိုင် ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။



**ကြည့်ရှုအားပေး**

စုပေါင်းသွေးလှူဒါန်းရာသို့ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ သထုံတပ်နယ်မှူး ဗိုလ်မှူးကြီးအောင်အောင်ဟိန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးပိုင်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကာ သွေးလှူဒါန်းကြသည့် ရဲတပ်ဖွဲ့ဝင်များထံ အားဆေး၊ အချိုရည်၊ ကြက်ဥ၊ ငှက်ပျောသီး စသည့် အာဟာရဖြည့်စွက်စာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်၊ (အင်္ဂါနေ့)သည် "ဘဏ်ပိတ်ရက်" ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## သဲကုန်းမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်



**သဲကုန်း စက်တင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်သဘာဝဘေး စီမံခန့်ခွဲရေးကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မုန်တိုင်းဘေး၊ ရေဘေး၊ လေပြင်းဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ယမန်နေ့က သဲကုန်းမြို့နယ် ကန်သာယာရေလယ်ကျွန်းအတွင်း၌ ဆောင်ရွက်ကြသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေပြင်အသက်ကယ်ဆယ်ရေးနှင့် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မင်းထိုက် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်သဘာဝဘေး စီမံခန့်ခွဲရေးကော်မတီဝင်များ ပူးပေါင်း၍ သဘာဝ ဘေးအန္တရာယ်များကြုံတွေ့ရသည့် ပြည်သူများအား ရှာဖွေကယ်ဆယ်ခြင်း၊ စက်စွမ်းရည်ပြသခြင်း၊ Water Rescue Robot အသုံးပြု၍ ရေနစ်နေသူအား ကယ်ဆယ်ခြင်း၊ ဒဏ်ရာရလူနာအား ရှေးဦးသူနာပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများသို့ စနစ်တကျပြောင်းရွှေ့ ကူညီဆောင်ရွက်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုနှင့် အသိပညာပေးခြင်းများကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၂၄) ထုတ်ဝေဖြန့်ချိ



➡ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က နှစ်စဉ် ပြုစုထုတ်ဝေလျက်ရှိသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ကို စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။

➡ ယခုထုတ်ဝေဖြန့်ချိသည့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တွင် ၂၀၂၃ခုနှစ်အတွင်း ကမ္ဘာနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ထူးခြားထင်ရှားသည့်အကြောင်းအရာများကို စွယ်စုံနှစ်ချုပ်၏ မူအတိုင်း အပိုင်း (၃) ပိုင်းခွဲခြားကာ စီစဉ်တင်ပြထားသည်။

➡ အပိုင်း (၁)တွင် ကမ္ဘာနှင့်မြန်မာနိုင်ငံအတွင်း ထင်ရှားသည့် အကြောင်းအရာများကို ရက်စွဲမှတ်တမ်းအဖြစ် ပြုစုဖော်ပြထားသည်။

➡ အပိုင်း (၂)တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ၏ သာသနာတော်အကျိုး ဆောင်ရွက်ခဲ့ပုံများ၊ ၂၈ ကြိမ်မြောက် ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းညီလာခံ၊ ၂၀၂၃ ခုနှစ် ကမ္ဘာ့စီးပွားရေးဖြစ်ရပ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)၊ မြန်မာ - ရုရှား သံတမန်ထူထောင်မှု စိန်ရတုခရီး၊ လူသားတို့၏ ဉာဏ်ရည်ဉာဏ်သွေးကို စက်များဖြင့် ပုံဖော်သည့် AI နည်းပညာ၊ လူ့ခန္ဓာကိုယ်အတွက် သတိပြုအပ်သော ကြွက်သားများကြံ့ခိုင်ရေး၊ အစွဲရေးနှင့် ပါလက်စတိုင်း၊ ဂါဇာအရေးအခင်း ဆောင်းပါးများ ပါဝင်သည်။

➡ အပိုင်း (၃) တွင် ပြည်တွင်းပြည်ပမှ ကွယ်လွန်ထင်ရှားသောပုဂ္ဂိုလ်များ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂနိုင်ငံများစသည့် ကမ္ဘာ့နိုင်ငံများ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော် တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနား၊ စာဆိုတော်ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အခမ်းအနား၊ ပဲခူးရေကြီးမှု၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ၈ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားစသည့် မှတ်တမ်းဆောင်းပါးများ အပါအဝင် ၂၀၂၃ ခုနှစ်အတွင်း မှတ်တမ်းပြုဖော်ပြအပ်သည့် အကြောင်းအရာများကို ကတ်ထူဖုံး၊ ခန့်ချုပ်၊ Art Paper မှတ်တမ်းဓာတ်ပုံများအား စာမျက်နှာ ၂၉၉ မျက်နှာဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်ပါသည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်များကို အောက်ပါနေရာများတွင် ဝယ်ယူရရှိနိုင်ပါသည်။

တန်ဖိုး ၉၀၀၀ိ/ ကျပ်

**စာပေဗိမာန် စာအုပ်ဆိုင်များ**

နေပြည်တော် ➡ အမှတ် (တ - ၅၅)၊ သပြေကုန်းဈေး (၀၆၇ - ၃၄၁၄၆၈၁၊ ၀၉ - ၄၄၉၅၄၀၆၆၇)

ရန်ကုန် ➡ ၅၂၉ - ၅၃၁၊ ကုန်သည်လမ်း (၀၁ - ၈၃၈၁၄၄၈၊ ၈၂၄၉၀၃၁)။

မန္တလေး ➡ ၈၆ လမ်း၊ ၂၁ × ၂၂ လမ်းကြား (၀၂ - ၄၀၃၀၁၈၆)။

ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်ကြီးများထံတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။


## မိုင်းဖြတ်မြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆွေးနွေး

**မိုင်းဖြတ် စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုင်းဖြတ်မြို့နယ် ဦးစီးမှူးရုံး မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးဝင်းက သန်းခေါင်စာရင်း၏အဓိပ္ပာယ်နှင့် အင်္ဂါရပ်များ၊ ကောက်ယူမည့်အခြေအနေများ၊ မေးခွန်းများမေးမြန်းရာတွင် အဓိကထည့်သွင်းမေးရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သန်းခေါင်စာရင်းနှင့်ပတ်သက်သည့် အကြောင်းအရာများနှင့် မြို့နယ်အတွင်း အများဆုံးနေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် မြန်မာ၊ ရှမ်း၊ အာခါ၊ လားဟူဘာသာစကားများဖြင့် အသိပေးနှိုးဆော်ချက်များကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့သည့်အခြေအနေများကို ပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**သန်းထွန်းအေး(မိုင်းဖြတ်)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ် (၁၅၈)ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၆)ထပ်အဆောက်အဦ၏ ၆-လွှာ၊ (ခေါင်းရင်းခန်း)၊ (၁၂½ ပေ x ၅၀ ပေ) အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် လျှပ်စစ်မီတာ၊ ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်နိုင်မင်း [၁၂/လမတ(နိုင်)၀၀၀၇၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှု တစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးသူရအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၄၈)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၁၁၃၂၁၁**

## နိုတြီအထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ဗားကရာလမ်း၊ အမှတ်(၇၇)၊ မြေညီထပ်နေ ဒေါ်ဝင့်ဝါသက်ရှိန်(ဘ) ဦးကြည်ရှိန် [၁၀/ကမရ(နိုင်)၁၄၇၉၃၄]ကိုင်ဆောင်သူမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၃၂၆)နေ ဦးညီညီကျော်မင်း (ဘ) ဦးကျော်မင်း [၁၂/ဒဂမ(နိုင်)၀၄၄၂၀၉]ကိုင်ဆောင်သူအား (၁၆-၂-၂၀၂၄)ရက်နေ့တွင်လွှဲအပ်ပေးခဲ့သော နိုတြီအထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၅၆၀/၂၀၂၄)ကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ဝင့်ဝါသက်ရှိန် [၁၀/ကမရ(နိုင်)၁၄၇၉၃၄]**
**ဖုန်း-၀၉-၉၇၅၀၅၆၁၄၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီး(အရှေ့)ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်(၈၀)တွင်တည်ရှိသော (၄)ထပ်အဆောက်အဦမှ မြေညီထပ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်မာမာချို [၁၂/အလန(နိုင်)၀၂၈၂၉၀]မှ တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းချက်အပေါ် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်သဘောတူညီ၍ ရောင်းဖိုးငွေ၏ ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

၂။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တိကျခိုင်လုံသောစာချုပ်စာတမ်း (မူရင်း)အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်ထက်ထက်နိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၃၇၅)**
**အမှတ်-၃၅၊ ၃-လွှာ(ယာ)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၂၅၃၂၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-ထ/၄၃၊ ထ/၁၆-ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ မြေကွက်အမှတ်-၁၉၆၀(က)၊ အကျယ်အဝန်း(အလျား ၂၀ ပေ x အနံ ၆၀ ပေ) ရှိ ဦးတင်ညို (PGU-၁၁၆၉၈၇) အမည်ပေါက် မြေချပါမစ်အမျိုးအစား မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သူဇာညွှန့် [၁၂/ဒဂမ(နိုင်)၀၁၄၆၄၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးနေလင်း [၇/ပတန(နိုင်)၀၉၅၈၈၀]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ညှိနှိုင်းသဘောတူခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဆက်သွယ်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူများမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရီရီစိုး (LL.B) အထက်တန်းရှေ့နေ (စဉ်-၂၉၄၃၁)**
**အမှတ်(၆၄၅-ခ)၊ မြဟေဝန်ပန်းခြံလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၈၀၁၂၃၉၃**

## မော်တော်ယာဉ်အမှတ်-9R/6644၊ အမျိုးအမည်-KYC (CHANGAN)၊ မော်တော်ယာဉ်အား ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မော်တော်ယာဉ်အမှတ်-9R/6644၊ အမျိုးအမည်-KYC(CHANGAN)၊ အမျိုးအစား-PICKUP(4X2)(L)၊ စက်အမှတ်-DK121021320976၊ ဘောင်အမှတ်-LSCABN3R4ME419716၊ အရောင်-အဖြူရောင်၊ မှတ်ပုံတင်ထားသူအမည်-BENEFIT AGRICULTURAL MA အမည်ဖြင့် မော်တော်ယာဉ်အား တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးပြည့်ဖြိုးထူး [၁၂/မဂဒ(နိုင်)၁၆၁၅၂၈] ထံမှ ၂၃-၉-၂၀၂၄ ရက်စွဲပါ "နှစ်ဦးသဘောတူ မော်တော်ကားအရောင်းအဝယ်ကတိစာချုပ်" ဖြင့် ဦးနေလင်းထွန်း [၁၂/သလန(နိုင်)၁၂၄၇၆၈]က ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးနေလင်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးထင်ကျော်** | **ဒေါ်သက်လေးချို** |
| **B.Sc., H.G.P, R.L** | **LL.B., D.B.L, D.I.L, D.M.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၁၅)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၀၈)** |

**အမှတ်-၁၃၈၊ ပထမထပ်၊ ၃၂-လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၆၀၂၁၊ ၀၉-၄၂၀၀၂၄၂၈၉**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အိုးတန်းရပ်ကွက်နေ ဦးအေးချို [၁၂/အစန(နိုင်)၁၀၁၉၂၄] ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အိုးတန်းရပ်ကွက်နေ ဦးအေးချို+ဒေါ်မြင့်မြင့်ကြည်တို့၏ သမီးဖြစ်သူ မဝင်းနန္ဒာချို(ခ)မသီရိ [၁၂/တကန(နိုင်)၁၈၂၅၉၉] ကိုင်ဆောင်သူသည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုများအပေါ်တွင် နာခံခြင်း၊ လိုက်နာခြင်းမရှိသလို မိဘများ၏အပေါ်တွင်လည်း ရိုသေလေးစားခြင်း၊ သားသမီးဝတ္တရားအညီ ပြုမူနေထိုင်ခြင်းမရှိဘဲ မိဘနှစ်ပါးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းထိုက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၂၈)**
**ဆည်မြောင်းဝင်း၊ မင်္ဂလာရပ်ကွက်၊ တိုက်ကြီးမြို့။ ဖုန်း-၀၉-၄၂၁၁၃၆၇၈၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့ နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၁)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၃၃၁)နေ မဂင်းပပအောင် [၁၂/ဥကမ(နိုင်)၂၇၃၀၁၃]နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၁)ရပ်ကွက်၊ မြကန်သာလမ်း၊ အမှတ်(၂၇၀)နေ မောင်ညီဂင်းမော် [၁၂/ဥကမ(နိုင်)၂၈၁၂၉၀]တို့သည် (၂၀-၁၀-၂၀၂၂)ရက်နေ့တွင် တရားဝင် လက်ထပ်ထိမ်းမြားပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ပေါင်းသင်းစဉ်ကာလတစ်လျှောက်လုံးတွင် မောင်ညီဂင်းမော်သည် လင်မယားနှစ်ဦး စကားများတိုင်း နေအိမ်မှဆင်းသွားလေ့ရှိပြီး ဆင်းသွားသည့်အခါတိုင်းတွင်လည်း ကျွန်ုပ်မိတ်ဆွေ မဂင်းပပအောင်အား အဆက်အသွယ်ပြုလုပ်ခြင်းမရှိခဲ့သည်မှာ အကြိမ်ကြိမ်ဖြစ်ပါသည်။ မဂင်းပပအောင်သည် မောင်ညီဂင်းမော်နှင့် စတင်ပေါင်းသင်းစဉ်ကပင် မိမိဘာသာ လုပ်ကိုင်ရှာဖွေစားသောက်ခဲ့ရပါသည်။ (၂၉-၁၂-၂၀၂၃) ရက်နေ့တွင် မောင်ညီဂင်းမော်သည် မဂင်းပပအောင်နှင့်ရန်ဖြစ်ပြီး ကွာရှင်းမည်ဟုပြောဆို၍ နေအိမ်မှဆင်းသွားကာ အဆက်အသွယ်ပြုလုပ်ခြင်းမရှိသည့်အပြင် မည်သည့်ထောက်ပံ့မှု တစ်စုံတစ်ရာမျှပြုလုပ်ခြင်းမရှိဘဲနေခဲ့သည်မှာ ယနေ့အချိန်အထိဖြစ်ပါသည်။ သို့အတွက် မောင်ညီဂင်းမော်အနေဖြင့် မဂင်းပပအောင်အား ပေါင်းသင်းစဉ်တစ်လျှောက်လုံး အကြိမ်ကြိမ် စွန့်ပစ်ထွက်သွားခဲ့မှုအပေါ် ကျွန်ုပ်မိတ်ဆွေအနေဖြင့်လည်း ထပ်မံသည်းခံနိုင်ခြင်းမရှိတော့ပါသဖြင့် မဂင်းပပအောင်ထံ လာရောက်ဆက်သွယ်၍ တရားဝင်ကွာရှင်းပေးပါရန်နှင့် ဆောင်ရွက်ခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေအနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြမြသန်း(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ( စဉ်-၈၀၉၇)**
**အမှတ်(၆၅၇)၊ နှယ်သာကီ(၁)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၇၉၂၂၄၀၃၉၇၊ ၀၉-၄၀၃၆၅၉၁၃၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပန်းဘဲတန်းမြို့နယ်နေ ဦးဝင်းနိုင်[၁၂/ပဘတ(နိုင်)၀၀၂၄၇၂] ၏ သားဖြစ်သူ မောင်ဇွဲနိုင်ဝင်း [၁၂/ပဘတ(နိုင်)၀၃၇၅၀၇] သည် မိဘ၏ ဆိုဆုံးမစကားကို မနာခံဘဲ ၎င်း၏သဘောဆန္ဒအတိုင်း (၁၈-၇-၂၀၂၄) ရက်နေ့တွင် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းနိုင်**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အုတ်ဖိုစုရပ်ကွက်၊ သိပ္ပံလမ်း၊ သိပ္ပံလမ်းသွယ်(၁)၊ အမှတ်(၈)၊ အလျား(၁၈.၉)ပေ၊ အနံ (၄၄.၄) ပေရှိ ခြံမြေနှင့် ၎င်းခြံမြေပေါ်တွင်ဆောက်လုပ်ထားသည့် အိမ်အပါအဝင် ရေ၊ မီးအစုံသီးပင် အိမ်ခြံမြေပေါ် အိမ်ခြံမြေအောက် အကျိုးခံစားခွင့်များကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဦးဆန်းဝင်း [၁၂/သလန(နိုင်)၀၅၅၄၂၉]မှ ဝယ်ယူ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေအား အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသိန်းဝင်း (LL.B)** | **ဒေါ်ခင်သီတာလှိုင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၇၀)** | **အထက်တန်းရှေ့နေ(စဉ်-၅၄၉၅၇)** |
| **အမှတ်-၁၇၊ ထန်းနှစ်ပင်ကျောင်းလမ်း၊** | **အမှတ်-၃၃၀၊ ဘုရားကုန်းကျေးရွာ၊** |
| **မြို့မတောင်ရပ်ကွက်၊ သန်လျင်မြို့၊** | **သန်လျင်မြို့နယ်။** |
| **ဖုန်း-၀၉-၂၂၀၁၅၄၈** | **ဖုန်း-၀၉-၇၉၉၄၂၂၅၉၃** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတစ်ဦးက ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုဇုန်အပိုင်း(၅)၊ ဂန္ထဝင်(၃)လမ်းနှင့် ရတနာလမ်း၊ ဂန္ထဝင်(၃)လမ်းနှင့် ရေလမ်းထောင့်ရှိ မြေကွက်အမှတ် (၅၆၅ x ၅၆၆)၊ (၁၂၀ ပေ x ၆၀ ပေ)အကျယ်၊ (၀.၁၆၅)ဧက၊ (၇၂၀၀) စတုရန်းပေအကျယ်ရှိ စက်မှုဇုန်မြေငှားဂရန်မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အဦ အကျိုးခံစားခွင့်အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု အတည်ပြုအဆိုရှိသော ဦးစွန်ကင်ဝိုး(ခ)ဦးတိုးထွန်း(ဘ)ဦးကေပင် [၁၂/ပဘတ(နိုင်)၀၂၀၅၉၄]ထံမှ ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်ပါက အပြီးသတ်ငွေချေ မြေနှင့် အဆောက်အအုံအား လက်ရောက်ရယူခြင်း နှစ်ဦးသဘောတူ ကတိစာချုပ်ကို ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ငြိမ်းချမ်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၈၈၄)**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၃၇၇၅**

## မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
## စိတ်ဝင်စားမှုအဆိုပြုလွှာ(Letter of Interest)တင်သွင်းရန်ခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အဆောက်အအုံရှိ အောက်ပါအထပ် (၂) ထပ်အားစိတ်ဝင်စားသူ ပြည်တွင်း၊ ပြည်ပမှ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိက တက္ကသိုလ်များနှင့် ဆက်စပ်သင်တန်းဖွင့်လှစ်လိုသည့် အဖွဲ့အစည်းများ သို့ (၃) နှစ်တာ ကာလအတွက် ငှားရမ်းရန် (LOI) အဆိုပြုလွှာ တင်သွင်းရန်ဖိတ်ခေါ်ပါသည်။

(က) စတုရန်းပေ(၆၃၉၉.၀၃၁) အကျယ်အဝန်းရှိသော ဒုတိယထပ်အလွှာ။

(ခ) စတုရန်းပေ(၅၇၄၄.၀၅၃၁၅) အကျယ်အဝန်းရှိသော တတိယထပ်အလွှာ။

၂။ လုပ်ငန်းလုပ်ကိုင်ရန်စိတ်ဝင်စားမှုအဆိုပြုလွှာတွင် အောက်ဖော်ပြပါစာရွက်စာတမ်းများ ပါဝင်ရန်လိုအပ်ပါသည်-

(က) စိတ်ဝင်စားမှုအဆိုပြုလွှာလျှောက်လွှာ (MEngC One Stop Service Counter တွင် ရယူနိုင်ပါသည်။)

(ခ) စိတ်ဝင်စားမှုရှိသော အဖွဲ့အစည်းများ၏ Profile အကျဉ်းချုပ်။

(ဂ) ငှားရမ်းရရှိသည့်အခါ အပိုဒ်(၁)ပါအထပ်အလွှာများတွင် ဆောင်ရွက်မည့်လုပ်ငန်းအမည်၊ အကြောင်းအရာအကျဉ်းချုပ်နှင့် တာဝန်ခံမှုဆိုင်ရာဖော်ပြချက်။

၃။ အပိုဒ်(၂)တွင်ဖော်ပြသည့် စာရွက်စာတမ်းများကို ၂၀၂၄ ခုနှစ်၊(အောက်တိုဘာ)လ၊ (၃) ရက်နေ့ ညနေ(၄:၀၀)နာရီနောက်ဆုံးထားတင်သွင်းရန်ဖြစ်ပြီး LOI တင်သွင်းသူများကို (အောက်တိုဘာ)လ ဒုတိယအပါတ်တွင် လူတွေ့ခေါ်ယူတွေ့ဆုံမည်ဖြစ်ပါသည်။

**လိပ်စာ** -အမှတ် (၅/က)၊ ခရေပင်လမ်း၊ လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။
(အနောက်ပိုင်းခရိုင်တရားရုံးအနီး)

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ**

- ၀၁-၂၃၁၆၈၈၃၊၀၁-၂၃၁၆၈၈၄ ။
- ၀၉-၅၀၃၉၈၈၃ ၊ မှတ်ပုံတင်အရာရှိချုပ်ရုံး အဖွဲ့။
- ၀၉-၄၂၅၀၀၈၈၉၇ ၊ ပြုပြင်ထိန်းသိမ်းရေးအင်ဂျင်နီယာဌာန။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ ဗိုလ်ရွဲလမ်း၊ အမှတ်(၁၀၉/၁၁၃)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်အဆောက်အဦ၏ တိုက်ခန်းအကျယ်အဝန်း (အလျား ၁၉ ပေ x အနံ ၆၀ ပေ)ရှိ (၆-လွှာ)၊ (ယာဘက်အခြမ်း)၊ တိုက်ခန်း(၁)ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင် ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ခင်ဌေး [၇/ပတတ(နိုင်)၀၄၈၂၉၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေအား ၎င်း၏မောင်ဖြစ်သူ ဦးဇော်ဝင်း[၇/ပတတ(နိုင်)၀၄၈၂၈၆] ထံသို့ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်မြလှဲ့ဝင်း(L.L.B, D.B.L)** | **ဒေါ်အေးအေးသိန်း(B.A, PGDL)** | **ဒေါ်စန်းမြသက်(B.Sc, PGDL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၅)** |

**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

## "အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း"

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တော်ကူးကျေးရွာနေ ၁။ ကိုသန်းဇော်[၁၀/မဒန(နိုင်)၁၆၀၆၀၇]၊ ၂။ မချိုချိုလွင် [၁၀/မဒန(နိုင်)၂၃၉၆၁၈]၊ ၃။ မောင်တိုးဝင်းလှိုင် [၁၀/မဒန(နိုင်)၂၄၀၃၈၆]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်တရားရုံး ၊ တရားမကြီးမှုအမှတ်-၄၈/၂၀၁၉ တွင်၊ အမှတ်-၁ တရားပြိုင် ဒေါ်ခင်သန်းဝင်း၏ တရားဝင်ကိုယ်စားလှယ်များဖြစ်ကြသော ၁။ ကိုသန်းဇော် [၁၀/မဒန(နိုင်)၁၆၀၆၀၇]၊ ၂။ မချိုချိုလွင် [၁၀/မဒန (နိုင်)၂၃၉၆၁၈]၊ ၃။ မောင်တိုးဝင်းလှိုင် [၁၀/မဒန(နိုင် ၂၄၀၃၈၆]တို့က ၎င်းတို့၏ကိုယ်စား ဆောင်ရွက်နိုင်ရန်အတွက် ဒေါ်သင်းသင်းဆွေ [၁၀/မဒန(နိုင်)၁၄၀၈၉၃]အား အခွင့်ရကိုယ်စားလှယ်အဖြစ် နိုတြီအထွေထွေကိုယ်စားလှယ်လွှဲစာ Reg No. 1622/2/2023 ဖြင့် ကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးထားခဲ့ပါသည်။ ထိုသို့လွှဲအပ်ပေးထားသော ကိုယ်စားလှယ်စာအား ဤကြော်ငြာပါရှိသည့်နေ့မှစ၍ အပြီးအပြတ်ရုပ်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သန့်ဇင်ဦး (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၉၂)**
**အမှတ်-၃၅၇/ခ၊ ထားဝယ်လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၄၈၀၄၁၅၉၈**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ လူနေရပ်ကွက်အမှတ်(၅/၁)၊ စိန်ချယ်လမ်း၊ မြေကွက်အမှတ်(၂၅၀/က)၊ အကျယ်ပေ(၂၀ x ၆၀) ရှိ ဦးတင်ရွှေ အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးစုံပါလူနေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ ၎င်းမှသာ လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြု လွှဲပြောင်းရောင်းချသူ ဒေါ်ချိုသဲဝါ [၁၀/ခဆန(နိုင်)၅၀၁၀၇၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးယုနွယ် [၁၂/ကမရ(နိုင်)၀၅၉၀၁၂] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့် မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နှင်းဝေ (LL.B, D.B.L) အထက်တန်းရှေ့နေ(စဉ်-၅၀၄၄၆)**
**အမှတ်(၉၃)၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၃၆၄၄၅၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၊ ကံဘဲ့၊ မြေကွက်အမှတ်-၃၉/A၊ ဧရိယာ(၀.၀၇၇)ဧက၊ မြေကွက်တည်နေရာ အမှတ်(၄)၊ မင်းရဲကျော်စွာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဒေါ်ခင်စု (၁၂/ရကန(နိုင်)၀၄၇၉၄၄) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ခင်စု(မိခင်)နှင့် ဦးထိန်ဝင်း(ဖခင်)တို့အသီးသီးကွယ်လွန်သဖြင့် ၎င်းတို့၏ သားသမီးများဖြစ်ကြသော ဦးကျော်ဇင်ဝင်း၊ ဒေါ်မိုးဖြူဝင်း၊ ဒေါ်ကေခိုင်ဝင်း၊ ဒေါ်ချိုနွယ်ဝင်း၊ ဒေါ်ဇင်မာဝင်းတို့ မောင်နှမ(၅)ဦးအနက် ဦးကျော်ဇင်ဝင်းသည် မိခင်ထက်စော၍ အိမ်ထောင်မရှိလူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် အမည်ပေါက်၏ ကျန်သမီးများဖြစ်ကြသော ဒေါ်မိုးဖြူဝင်း(၁၂/ရကန(နိုင်)၀၄၇၉၄၂)၊ ဒေါ်ကေခိုင်ဝင်း(၁၂/ရကန(နိုင်)၀၄၇၉၄၃)၊ ဒေါ်ချိုနွယ်ဝင်း(၁၂/ရကန(နိုင်)၀၅၉၄၃၅)၊ ဒေါ်ဇင်မာဝင်း(၁၂/ရကန(နိုင်)၀၀၀၇၉၃)တို့မှ ကွယ်လွန်သူမိဘများတွင် မိမိတို့မောင်နှမ(၅)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပြီး အခြားသောသားသမီးတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ အမွေစားအမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ ဦးကျော်ဇင်ဝင်းသည် အမွေစားအမွေခံကိတ္တိမသားသမီးများ မွေးစားထားခဲ့ခြင်းမရှိဘဲ ကွယ်လွန်သွားခဲ့ပါကြောင်း၊ မိမိတို့ ညီအစ်မ(၄)ဦးတည်းကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်းနှင့် မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ၁၆-၇-၂၀၂၄ ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဖခင်အမည်မှန်

ပန်းတောင်းမြို့နယ်၊ အ-ထ-က၊ ဥဿျစ်ပင်၊ G-12 မှ ကျောင်းဝင်အမှတ် (၁၆၆၄) မောင်ဖြိုးသက်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဦး [၇/ပတန (နိုင်) ၁၂၇၁၀၂]ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပန်းတောင်းမြို့နယ်၊ အ-ထ-က၊ ဥဿျစ်ပင်၊ G-12 မှ ကျောင်းဝင်အမှတ် (၁၆၆၇) မောင်ပြည့်စုံကို၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းဦး [၇/ပတန (နိုင်) ၁၈၆၁၃၄] ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၂၀/က+ခ၊ မြေကွက်အမှတ်-၇၃၀၊ ဧရိယာ (၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်- ၃၆၊ မာလာမြိုင် (၃)လမ်း၊ ၁၆-ရပ်ကွက်၊ ဒေါ်ခင်ရီ (ဘီအက်ဖ်- ၀၀၇၈၀၈) အမည်ပေါက် နှစ်(၆၀) မြေငှား ဂရန်မြေအား အမည်ပေါက် (မိခင်)ဖြစ်သူ ဒေါ်ခင်ရီသည် (၈-၁၁-၂၀၂၃) ရက်နေ့တွင်လည်းကောင်း၊ (ဖခင်)ဖြစ်သူ ဦးဘစီသည် (၂၄-၃-၂၀၁၈) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်မိမိခိုင် [၁၂/လမန(နိုင်) ၀၁၉၆၅၈]က မိမိသည် ကွယ်လွန်သူ မိခင်/ဖခင်တို့၏ တစ်ဦးတည်းသောသမီးဖြစ်ကြောင်း၊ မိခင်/ဖခင်တို့တွင် အခြားဇနီး/ ခင်ပွန်းနှင့် အမွေစားအမွေခံကိတ္တိမသား/သမီးများလုံးဝမရှိပါကြောင်း၊ မိမိသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိဘများကွယ်လွန်ချိန်တွင် မိခင်အမည်ပေါက် ပိုင်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမွေဆက်ခံပိုင်ဆိုင်၍ လက်ဝယ်ထားရှိ စီမံခန့်ခွဲနေထိုင်လျက်ရှိပါကြောင်း၊ (၁၅-၈-၂၀၂၄)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်း၊ ဒေါ်ခင်ရီနှင့် ဦးဘစီတို့၏သေစာရင်း (၂)စောင်တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မန်းမိုက်ကယ်(လ်)တင်(ရေ) (တရားလွှတ်တော်ရှေ့နေ) နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ၆-ရပ်ကွက်၊ (၂၁)လမ်း၊ အမှတ်- ၁၁၅(၄-လွှာ)နေ ဒေါ်တူးတူး [၁၂/လသန(နိုင်)၀၁၀၅၄၈]၊ ဒေါက်တာမြင့်အောင်ထွန်း(ခ) ဒေါက်တာမြင့်ထွန်း [၁၂/မဂတ(နိုင်) ၀၁၅၇၀၆]နှင့် ဦးမောင်ကြိုင် [၁၂/မဂတ(နိုင်)၀၁၆၀၄၇]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေတို့သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၁၁(အေ)၊ မြေကွက်အမှတ် (၃၇+၃၈)၊ အလျား ၇၄ ပေ/ ၆၀ ပေ၊ အနံ ၅၀ ပေ/ ၅၁ ပေ ၉ လက်မ ရှိနှစ်(၉၀) ဂရန် မြေကွက်၏အမည်ပေါက်များဖြစ်ကြပါသည်။ အဆိုပါ မြေကွက်ပေါ်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၅ လမ်း၊ အိမ်အမှတ်- ၇၈ ဟု ခေါ်တွင်သော (၄)ခန်းတွဲ ဟောင်ကောင်လေးထပ် (၈)လွှာ၊ ကွန်ကရစ်တိုက် အဆောက်အဦ တစ်လုံးရှိပြီး ယင်းအဆောက်အဦရှိ (၁၂၅)လမ်းကို မျက်နှာမူ၍ လက်ယာဘက် မြေညီ၊ ဟောင်ကောင် (၂)လွှာ၊ အခန်း (၂)ခန်း၊ ပထမထပ်၊ ဟောင်ကောင် (၂)လွှာ၊ အခန်း(၂)ခန်း၊ ဒုတိယထပ်၊ ဟောင်ကောင် (၂)လွှာ၊ အခန်း (၁)ခန်းနှင့် (၁၂၅) လမ်းကို မျက်နှာမူ၍ ဝဲဘက်၊ ဒုတိယထပ်၊ ဟောင်ကောင် (၂)လွှာ၊ အခန်း(၁)ခန်း၊ စုစုပေါင်းအခန်း(၆)ခန်းသည် ကျွန်ုပ်၏မိတ်ဆွေမြေရှင်များဖြစ်ကြသော ဒေါ်တူးတူး၊ ဒေါက်တာမြင့်အောင်ထွန်း(ခ) ဒေါက်တာမြင့်ထွန်းနှင့် ဦးမောင်ကြိုင်တို့ ပိုင်ဆိုင်သောအခန်းများဖြစ်ပြီး ယင်းအခန်းများနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေတို့၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ဝင်ရောက်နေထိုင်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်း၊ အငှားချထားခြင်း၊ ခွင့်ပြုချက်ဖြင့် နေထိုင်စေခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ပါရန်နှင့် ထိုသို့ပြုလုပ်ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့၌ (၈-၉-၂၀၂၄)ရက်နေ့၌ အများသိစေရန် အသိပေးကြေညာခြင်းဖြင့် အတိအလင်းကြော်ငြာထားပြီးဖြစ်ပါသည်။

ထိုသို့ကြော်ငြာထားခဲ့သော်လည်း ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၅-လမ်း၊ တိုက်အမှတ်(၇၈)၊ လှေကား(၁)၊ ပထမထပ်(ဘီ) (ညာဘက်ခြမ်း)၊ အကျယ်အဝန်း (၆၀ပေx ၂၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားဝယ်ယူပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဦးခင်မောင်မြင့် [၁၂/ရကန(နိုင်)၀၁၅၈၈၀]ထံမှ ဦးမျိုးမြင့် [၁၂/ရကန(နိုင်)၀၅၀၉၁၇]သည် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားကြောင်း တရားလွှတ်တော်ရှေ့နေ မန်းမိုက်ကယ်(လ်)တင်(ရေ)မှ (၁၄-၉-၂၀၂၄)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာထည့်သွင်းထားပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေများမှ ၎င်းတို့ပိုင်ဆိုင်သည့် အထက်ဖော်ပြပါ အခန်း(၆)ခန်းကို မည်သူ့ကိုမျှ လွှဲပြောင်းရောင်းချခြင်း မရှိခဲ့ပါကြောင်း၊ ဦးခင်မောင်မြင့်ဆိုသူကိုလည်း လုံးဝသိရှိခြင်းမရှိပါကြောင်း၊ လူကြီးမင်း၏ကြော်ငြာပါ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၅-လမ်း၊ တိုက်အမှတ်(၇၈)၊ လှေကား(၁)၊ ပထမထပ်(ဘီ) (ညာဘက်ခြမ်း)အခန်း အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပြင်းထန်စွာကန့်ကွက်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငြိမ်းချမ်းစုရည် (LL.B.,D.B.L., D.I.L., D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၀၀၂)**
**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၁၊ မြေကွက်အမှတ်- ၂၁၆၊ ဧရိယာ (၂၄၀၀) စ/ပေ၊ မြေကွက်တည်နေရာ အမှတ်- ၂၁၆၊ ဥဇ္ဇနာ (၇)လမ်း၊ ၄၁-ရပ်ကွက်၊ ဒေါ်အုံး [၁၂/ဥကမ (နိုင်) ၁၃၁၈၈၉] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဒေါ်အုံးထံမှ တရားဝင်ခွဲစိတ်ခြင်းမရှိသေးသော ခေါင်းရင်းခြမ်း(တောင်ဘက်ခြမ်း) (၂၀'x၆၀')ရှိ ဂရန်မြေကွက်နှင့် အဆောက်အဦအား (၂၅-၁၀-၂၀၂၀)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်ဟန်စုလှိုင်မှ မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၅/၂၀၂၃ ဖြင့် ဒေါ်အုံးအပေါ် ပဋိညာဉ်အတိုင်း အိမ်ခြံမြေအရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု စွဲဆိုခဲ့ရာ (၅-၉-၂၀၂၃)ရက်နေ့က အထက်ဖော်ပြပါ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အားလုံးတို့အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် အမိန့်ရရှိခဲ့ပြီး ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ်- ၅၆/၂၀၂၃/၂၁-၃-၂၀၂၄ ရက်စွဲပါ အမိန့်အရ တရားရုံးကိုယ်စား ဘီလစ်စာရေးကြီး ဒေါ်သူဇာ [၆/ထဝန(နိုင်) ၀၂၆၃၄၃]မှ ဖော်ပြပါတရားရုံးအမိန့်များ၊ ဘီလစ်ခန့်အပ်စာနှင့် ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် (Portion)အတွက်သာ မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၁၊ မြေကွက်အမှတ်- ၂၁၆၊ ဧရိယာ (၂၄၀၀)စ/ပေ၊ မြေကွက်တည်နေရာ အမှတ်-၂၁၆၊ ဥဇ္ဇနာ (၇)လမ်း၊ ၄၁-ရပ်ကွက်၊ ဒေါ်အုံး [၁၂/ဥကမ(နိုင်) ၁၃၁၈၈၉] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဒေါ်အုံးထံမှ တရားဝင်ခွဲစိတ်ခြင်းမရှိသေးသော ခြေရင်းခြမ်း(မြောက်ဘက်ခြမ်း) (၂၀'x၆၀')ရှိ ဂရန်မြေကွက်နှင့် အဆောက်အဦအား (၃၀-၇-၂၀၂၀)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်ခင်သိန်းမြင့်+ ဒေါ်စန်းတင့်တို့မှ မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်- ၃၆/၂၀၂၃ ဖြင့် ဒေါ်အုံးအပေါ် ပဋိညာဉ်အတိုင်း အိမ်ခြံမြေအရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ရာ (၅-၉-၂၀၂၃)ရက်နေ့က အထက်ဖော်ပြပါ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အားလုံးတို့အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် အမိန့်ရရှိခဲ့ပြီး ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ်- ၅၇/၂၀၂၃/၂၁-၅-၂၀၂၄ ရက်စွဲပါ အမိန့်အရ တရားရုံးကိုယ်စား ဘီလစ်စာရေးကြီး ဒေါ်သူဇာ [၆/ထဝန(နိုင်) ၀၂၆၃၄၃]မှ ဖော်ပြပါတရားရုံးအမိန့်များ၊ ဘီလစ်ခန့်အပ်စာနှင့် ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် (Portion)အတွက်သာ မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)ရပ်ကွက်၊ မြေကွက်အမှတ်(၁၀၅၂)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ **ဦးတင်ဝင်း (I/RSN- ၀၀၀၂၂၈)** အမည်ဖြင့် ချထားပေးခြင်းခံရသော မြေချပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်နှင့် ပတ်သက်ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချသူ **ဒေါ်စောမြင့်ရီ [၁၂/ဗဟန(နိုင်)၀၁၆၉၄၂]**မှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူကာ မိမိသာ တရားဝင်လက်ဝယ်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူပြီးနောက်၊ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်တော် **ဦးဝင်းလှအောင်**ထံသို့ တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းလှအောင် [၁၂/မဂဒ(နိုင်)၁၀၉၈၆၀]**
**၀၉-၄၅၀၀၄၀၉၂၁**

## တံဆိပ်အမည်အမှတ်အသား အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ SHWE THONE DAYI LINN Co.,Ltd (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၂၄၀၅၆၂၂၅/၂၃-၁၂-၂၀၁၉)သည် အောက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့တော်စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၄ / ၆၈၈၆ / ၂၀၂၄)ဖြင့် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်-

အထက်ဖော်ပြပါ “Smile Organic Product” ဟူသော တံဆိပ်အမည်အမှတ်အသားဖြင့် Lipsticks, Makeup, Cosmetics နှင့် Skin Care စသည့် အလှကုန်ပစ္စည်းအမျိုးမျိုးတို့ကိုထုတ်လုပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ “Smile Organic Product” တံဆိပ် အမည်အမှတ်အသားကို ကုမ္ပဏီ၏ခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ဖော်ပြပါတံဆိပ်အမည်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပပြုလုပ်သုံးစွဲခြင်းများ မပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက မိမိကုမ္ပဏီ၏အကျိုးစီးပွား နစ်နာဆုံးရှုံးမှုများအတွက် ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုမ္ပဏီ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာမာ**
**B.Econ, H.G.P, D.B.L, P.G.D.L, D.L.101,WIPO (Geneva)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၈၆)**
**အမှတ်(၁၀၂/က)၊ မဟာဗောဂလမ်း၊ (၈)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၄၃၀၃၅၆၅၈၊ ၀၉-၇၆၆၁၇၉၃၉၇**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးသာစိုး၏သမီး ဒေါ်မေမြတ်သူ မှတ်ပုံတင်အမှတ် [၁၂/ဥကတ(နိုင်)၁၆၄၅၄၂] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် (MA-793223)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-5194614**

## ကိုယ်စားလှယ်ရုပ်သိမ်းအမှားပြင်

၂-၈-၂၀၂၄ ရက်ထုတ် ကြေးမုံသတင်းစာတွင် (၂၃၃၇၄/၂၀၂၃) ကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်း ကြော်ငြာတွင် (၂-၁၀-၂၀၂၃)ရက်စွဲဟု မှားယွင်းဖော်ပြမိပါသည်။ အမှန်မှာ (၂-၁၁-၂၀၂၃)ရက်စွဲဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်လှိုင်(B.Sc,D.A.R.L)**
**အထက်တန်းရှေ့နေ(စဉ်-၁၈၇၄၉)**
**ဖုန်း-၀၉-၄၂၀၀၉၄၃၅၂**

## (၂၄-၄-၂၀၂၂)ရက်နေ့ ကြေးမုံသတင်းစာတွင် ထည့်သွင်းကြော်ငြာခဲ့သော (၂၂-၉-၂၀၂၁)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၉၉၅)နှင့်(၅၉၉၆)အား ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်းနှင့်ပတ်သက်၍ ထပ်မံကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်းနှင့် လမ်းမတော်(၅)လမ်းထောင့်၊ လမ်းမတော်(၅)လမ်း၊ United Condo B ၅လွှာနေ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲထွန်း [၁၂/ဥကမ(နိုင်) ၀၀၀၅၉၅] ကိုင်ဆောင်သူမှ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၃၀)ရပ်ကွက်၊ သုဝဏ္ဏဗိုလ်ချုပ်ရွာ၊ အမှတ် (၄၃)နေ ဦးအောင်ငြိမ်းချမ်း [၁၂/ဥကမ(နိုင်) ၂၃၁၂၆၈]နှင့် ဒေါ်စုလှိုင်မြင့် [၁၂/ဥကမ(နိုင်) ၀၁၆၁၆၉] ကိုင်ဆောင်သူတို့အား ပေးအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းထားပြီးဖြစ်ကြောင်းကို အများသိစေရန် ထပ်မံကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၃၇)**
**LL.B, D.B.L, D.I.L, D.I.P.L, DL-101 WIPO (Switzerland)**
**အမှတ်- ၉/၁၁၊ မြေညီ၊ ၃၆-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၀၃၁၀၅၀၈၀**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်- ၁ ရပ်ကွက်၊ လူနေရပ်ကွက်အမှတ်- ဗမာအေးရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်-၂၄၃ (ပထမထပ်)(အေ)တွင်နေထိုင်သူ ဒေါ်ခင်ဌေးမြင့် [၁၂/ဒပန(နိုင်) ၀၂၃၆၄၅]သည် ခင်ပွန်းဖြစ်သူ ဦးပါနှင့် အိမ်ထောင်ကျပြီးနောက် ဦးထွန်းအောင်လွင်နှင့် ဦးသီဟထွန်း တို့အား မွေးဖွားခဲ့ပါသည်။ ယခုအချိန်တွင် ခင်ပွန်း ဦးပါနှင့် သားဖြစ်သူ ဦးသီဟထွန်းမှာ ကွယ်လွန်သွားပြီးဖြစ်၍ ဦးသီဟထွန်း၏ သားများအနက် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့် အမွေမမီမြေးများဖြစ်သော ဦးကျော်သန့်ဇင်နှင့် ဦးရဲထက်အောင်တို့အား (၁၀-၈-၂၀၂၄)ရက်နေ့တွင် အမွေဆိုင်တိုက်ခန်းအား ရောင်းချ၍ ရသင့်ရထိုက်သည့်အမွေများအား အဘွားဖြစ်သူ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ခွဲဝေပေးပြီးဖြစ်ကြောင်းနှင့် အမွေပစ္စည်းနှင့်ပတ်သက်၍ မည်သည့်ပစ္စည်းတစ်စုံတစ်ရာမျှ ထပ်မံခွဲဝေပေးရန် မကျန်ရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုမြတ်လွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၅၁၉/၂၀၂၁)**
**တိုက်- ၂၁၅၊ ဒုတိယထပ်၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၂၆၅၇၈၄၆၈၈**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ တိုက်အမှတ်- က/၇၊ ၂ခန်းတွဲ၊ (၆)ထပ်တိုက်အဆောက်အဦမှ ၆လွှာခေါင်းရင်း တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ တိုက်ခန်းကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်အေးသန္တာအောင် [၁၂/လမန(နိုင်) ၁၃၂၇၈၁]ထံမှ ဒေါ်သဥ္ဇာဇင်ယော် [၁၂/အစန(နိုင်) ၁၆၈၅၅၇]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သဥ္ဇာဇင်ယော်**
**[၁၂/အစန(နိုင်)၁၆၈၅၅၇]**
**မ/၁၁၁၊ လှိုင်မြစ်လမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၆၀၄၃၃**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ လူနေရပ်ကွက်အမှတ်-(၈)၊ နဝရတ်ဈေးလမ်း၊ မြေကွက်အမှတ်-(၂၁၀/က)၊ အကျယ်ပေ (၂၀x၆၀)ရှိ ဦးမာမက်ယာဆင် အမည်ပေါက် နှစ်(၆၀) ဂရန်ထွက်ရှိထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးစုံပါလူနေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အား ၎င်းမှသာ လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြု လွှဲပြောင်းရောင်းချသူ အမည်ပေါက်ပိုင်ရှင် ဦးမာမက်ယာဆင် [၁၂/ပဇတ(နိုင်) ၀၂၆၁၇၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဌေးဌေးကြည် [၈/ရနခ(နိုင်) ၁၂၃၇၆၄]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့် မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L) အထက်တန်းရှေ့နေ(စဉ်-၅၀၄၄၆)**
**အမှတ်-(၉၃)၊ နဝရတ်လမ်း၊ (၇) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၉၆၃၆၄၄၅၁၇**

## “အများသိစေရန်”

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်စန္ဒာထွန်း** (ဘ) ဦးထွန်းရှင် [၁၂/အစန(နိုင်) ၁၈၂၁၃၈]နှင့် **ဦးမင်းလွင်ဦး** (ဘ) ဦးတင်ညွန့် [၁၂/လမန(နိုင်) ၀၀၆၂၃၇]တို့သည် (၂၀၂၀)ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပြီးနောက် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါ၍ ၂၀၂၂-ခုနှစ်၊ ဩဂုတ်လ (၁၁)နေ့စွဲပါ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ စိတ်ဆန္ဒများဖြင့် လက်မှတ်ရေးထိုးလျက် တရားဝင်ကွာရှင်းခဲ့ကြပြီးဖြစ်သဖြင့် အဆိုပါနေ့မှစ၍ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွှယ်ခြင်းမရှိတော့ပါကြောင်းနှင့် ဦးမင်းလွင်ဦးနှင့်ပတ်သက်သော အရာအားလုံးသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း ဒေါ်စန္ဒာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာထွန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအာကာလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

## “ကန့်ကွက်နိုင်ပါကြောင်း” အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၁၃၇)ရပ်ကွက်၊ အမှတ် (၃၃၁)၊ (၄၀ပေx ၆၀ပေ) ဧရိယာအကျယ် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် မြေချပါမစ်တို့တွင် ဒေါ်သောင်းကြည် (AA.154522) အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်ကို ပါမစ်အမည်ပေါက်ထံမှ အရောင်းအဝယ်အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသန်းဌေး [၁၂/ဥကမ(နိုင်) ၀၂၄၅၈၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးနန္ဒာထွန်း (ခ) ဦးမျိုးထက် [၁၂/အလန(နိုင်) ၀၀၀၈၅၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချမှုကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၂၂၅၅၅)**
**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂- ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၂၅၀၅၀၆၀၄၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်ပညာရေးတက္ကသိုလ်
## (၅၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၂၀၂၃-၂၀၂၄ ပညာသင်နှစ်များတွင် ရန်ကုန်ပညာရေးတက္ကသိုလ်မှ PhD၊ MEd၊ BEd (စာပေးစာယူ) အမှတ်စဉ် (၃၉)၊ BEd (စာပေးစာယူ) EDC ၁/၂၂၊ ၂/၂၂၊ MA(TEFL)၊ PGDAM အမှတ်စဉ်(၂၁)၊ Dip(ECCD) နှင့် Dip(ELTM) သင်တန်းအောင်မြင်ခဲ့သူများအတွက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်ပါသည်-

**ကျင်းပမည့်နေ့**

၂၁-၁၁-၂၀၂၄(ကြာသပတေးနေ့) မှ ၂၄-၁၁-၂၀၂၄ (တနင်္ဂနွေနေ့)

**ကျင်းပမည့်နေရာ**

ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်

**ကျင်းပမည့်အချိန်**

**၂၁-၁၁-၂၀၂၄ (ကြာသပတေးနေ့) နံနက်ပိုင်း (၉:၀၀) နာရီ**

PhD(Epsy) အမှတ်စဉ် (၁ မှ ၅) ထိနှင့် PhD(Epsy) Res (၁)ဦး(၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ)၊ MEd (Meth) အမှတ်စဉ် (၁ မှ ၃၃) ထိ (၂၀၂၄ ခုနှစ်၊ မတ်လ)၊ BEd (စာပေးစာယူ) အမှတ်စဉ်(၃၉) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီဝင်၊ ဘောဂဗေဒနှင့် PGDMA အမှတ်စဉ်(21) အမှတ်စဉ် (၁ မှ ၇၀)ထိ

**၂၁-၁၁-၂၀၂၄ (ကြာသပတေးနေ့) မွန်းလွဲပိုင်း (၁၄:၀၀) နာရီ**

MEd (Epsy) ETM အမှတ်စဉ် (၁ မှ ၉)ထိ (၂၀၂၄ခုနှစ်၊ မတ်လ)၊ MA(TEFL) (၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ) နှင့် BEd(စာပေးစာယူ) အမှတ်စဉ်(၃၉) သမိုင်း၊ BEd (စာပေးစာယူ) ၁/၂၂ မြန်မာစာ (ပညာရေးကောလိပ်အားလုံး)၊ အင်္ဂလိပ်စာ (ရန်ကင်း၊ သဃ်္ဃန်းကျွန်း၊ လှည်းကူး၊ ပုသိမ်၊ မြောင်းမြ၊ မော်လမြိုင်၊ ဘိုကလေး၊ ကျောက်ဖြူ၊ တောင်ငူ၊ ဘားအံပညာရေးကောလိပ်များ)

**၂၂-၁၁-၂၀၂၄ (သောကြာနေ့) နံနက်ပိုင်း (၉:၀၀) နာရီ**

PhD(Meth) အမှတ်စဉ်(၁ မှ ၅)ထိ နှင့် PhD(Meth) Res(၃)ဦး (၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ)၊ MEd (Ethe) အမှတ်စဉ် (၁ မှ ၃၁) ထိ (၂၀၂၄ ခုနှစ်၊ မတ်လ)၊ MEd (Ethe) အမှတ်စဉ် (၁) ထိ (၂၀၂၄ ခုနှစ်၊ ဧပြီလ)၊ BEd (စာပေးစာယူ) ၁/၂၂ အင်္ဂလိပ်စာ (ပြည်၊ ထားဝယ်ပညာရေးကောလိပ်များ)၊ သင်္ချာ (ပညာရေးကောလိပ်အားလုံး)၊ ဓာတုဗေဒ (ပညာရေးကောလိပ်အားလုံး)၊ ရူပဗေဒ (ရန်ကင်း၊ သဃ်္ဃန်းကျွန်း၊ လှည်းကူး၊ ပုသိမ်၊ မြောင်းမြ၊ ဘိုကလေး၊ ကျောက်ဖြူ၊ ဘားအံ၊ ထားဝယ်ပညာရေးကောလိပ်များ) နှင့် PGDMA(21) အမှတ်စဉ် (၇၁ မှ ၁၄၅) ထိ

**၂၂-၁၁-၂၀၂၄ (သောကြာနေ့) မွန်းလွဲပိုင်း (၁၄:၀၀) နာရီ**

PhD(Meth) အမှတ်စဉ်(၁) (၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ)၊ MEd (PE) အမှတ်စဉ် (၁ မှ ၃) ထိ (၂၀၂၄ခုနှစ်၊ ဧပြီလ)၊ Dip(ELTM) အမှတ်စဉ် (၁ မှ ၁၇) ထိနှင့် BEd (စာပေးစာယူ) ၁/၂၂ ရူပဗေဒ (မော်လမြိုင်၊ တောင်ငူ၊ ပြည်ပညာရေးကောလိပ်များ)၊ ဇီဝဗေဒ(ပညာရေးကောလိပ်အားလုံး)၊ ပထဝီဝင် (ပညာရေးကောလိပ်အားလုံး)၊ ဘောဂဗေဒ (ပညာရေး ကောလိပ်အားလုံး)

**၂၃-၁၁-၂၀၂၄ (စနေနေ့) နံနက်ပိုင်း (၉:၀၀) နာရီ**

PhD(Ethe) အမှတ်စဉ် (၁ မှ ၅) ထိ (၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ)၊ MEd (Epsy) GC အမှတ်စဉ် (၁ မှ ၁၃) ထိ (၂၀၂၄ ခုနှစ်၊ မတ်လ)၊ BEd (စာပေးစာယူ) ၁/၂၂ သမိုင်း(ပညာရေးကောလိပ်အားလုံး) နှင့် BEd (စာပေးစာယူ) ၂/၂၂ မြန်မာစာ (ရန်ကင်း၊ သဃ်္ဃန်းကျွန်း၊ လှည်းကူး၊ ပုသိမ်၊ မြောင်းမြ၊ မော်လမြိုင်၊ ဘိုကလေး၊ တောင်ငူ၊ ပြည်၊ ထားဝယ်ပညာရေးကောလိပ်များ)

**၂၃-၁၁-၂၀၂၄ (စနေနေ့) မွန်းလွဲပိုင်း (၁၄:၀၀) နာရီ**

PhD(Ethe) အမှတ်စဉ်(၆ မှ ၉)ထိ PhD(Ethe) Res(၂)ဦး (၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ)၊ MEd (Epsy) CP အမှတ်စဉ် (၁ မှ ၁၀)ထိ (၂၀၂၄ ခုနှစ်၊ မတ်လ)၊ BEd (စာပေးစာယူ) ၂/၂၂ မြန်မာစာ (ဘားအံ၊ ကျောက်ဖြူ ပညာရေးကောလိပ်များ)၊ အင်္ဂလိပ်စာ (ပညာရေးကောလိပ်အားလုံး)၊ သင်္ချာ (ပညာရေးကောလိပ် အားလုံး)၊ ဓာတုဗေဒ (ရန်ကင်း၊ လှည်းကူး၊ ပုသိမ်၊ မြောင်းမြ၊ မော်လမြိုင်၊ ဘိုကလေး၊ တောင်ငူ၊ ပြည်၊ ထားဝယ်၊ ဘားအံ ပညာရေးကောလိပ်များ)

**၂၄-၁၁-၂၀၂၄(တနင်္ဂနွေနေ့) နံနက်ပိုင်း(၉:၀၀)နာရီ**

PhD(Ethe) အမှတ်စဉ်(၁ မှ ၂) ထိ (၂၀၂၄ ခုနှစ်၊ ဧပြီလ)၊ MEd (Epsy) ES အမှတ်စဉ် (၁ မှ ၁၀) ထိ (၂၀၂၄ ခုနှစ်၊ မတ်လ)၊ BEd (စာပေးစာယူ) ၂/၂၂ ဓာတုဗေဒ(သဃ်္ဃန်းကျွန်း၊ ကျောက်ဖြူ ပညာရေးကောလိပ်များ)၊ ရူပဗေဒ(ပညာရေးကောလိပ်အားလုံး)၊ ဇီဝဗေဒ(ပညာရေးကောလိပ် အားလုံး)၊ ဘောဂဗေဒ(ပညာရေး ကောလိပ်အားလုံး)

**၂၄-၁၁-၂၀၂၄ (တနင်္ဂနွေနေ့) မွန်းလွဲပိုင်း( ၁၄:၀၀) နာရီ**

Dip(ECCD) အမှတ်စဉ် (၁ မှ ၆၀) ထိ၊ (စာပေးစာယူ) ၂/၂၂ ပထဝီဝင် (ပညာရေးကောလိပ်အားလုံး)၊ သမိုင်း(ပညာရေး ကောလိပ်အားလုံး)

**အစမ်းလေ့ကျင့်မည့်ရက်**

၁၉-၁၁-၂၀၂၄ (အင်္ဂါနေ့)

**အစမ်းလေ့ကျင့်မည့်အချိန်**

နံနက် (၉:၀၀)နာရီ

PhD(Epsy) အမှတ်စဉ်(၁ မှ ၅)ထိ နှင့် PhD(Epsy) Res (၁) ဦး (၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ)၊ PhD(Ethe) အမှတ်စဉ်(၁ မှ ၉)ထိ PhD (Ethe) Res (၂) ဦး (၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ)၊ PhD(Meth) အမှတ်စဉ်(၁ မှ ၅)ထိနှင့် PhD(Meth) Res (၃)ဦး (၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ)၊ MEd [Ethe, Epsy(GC,CP)], PGDMA (21) အမှတ်စဉ် (၁ မှ ၇၀)ထိ, MA(TEFL), BEd (စာပေးစာယူ) အမှတ်စဉ်(၃၉) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ၊ BEd (စာပေးစာယူ) ၁/၂၂ မြန်မာစာ (ပညာရေးကောလိပ်အားလုံး)၊ အင်္ဂလိပ်စာ (ရန်ကင်း၊ သဃ်္ဃန်းကျွန်း၊ လှည်းကူး၊ မြောင်းမြ၊ မော်လမြိုင်၊ ဘိုကလေး၊ ကျောက်ဖြူ၊ ထားဝယ်ပညာရေးကောလိပ်များ)

**အစမ်းလေ့ကျင့်မည့်အချိန်**

မွန်းလွဲ (၁၃:၀၀)နာရီ

